စွမ်းအင်နှင့်လျှပ်စစ်သည် ပြည်ပရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံသို့ လာရောက်စေရန် ဆွဲဆောင်မှုရှိသည့် အခြေခံအဆောက်အဦး ဖြစ်ပေသည်။ လျှပ်စစ်သည် မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေသည့် အဓိကအကြောင်းတရား တစ်ရပ်အနေဖြင့် စဉ်းစား တတ်ကြပါသည်။ မန္တလေးတိုင်းဒေသကြီးတွင် နှစ်စဉ်လျှပ်စစ်ဓါတ်အား လိုအပ်ချက်မှာ ၁၀% တိုးတက်လျက်ရှိသဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ၂၀၁၅ ခုနှစ်တွင် ၁၁၇၆ မီဂါဝပ်သုံးစွဲနိုင်မည်ဟု ခန့်မှန်းခဲ့ပါသည်။ မန္တလေးမြို့သာစက်မှုဥယျာဉ်၊ တံတားဦးဖွံ့ဖြိုးမှုစီမံကိန်း၊ အခြားစက်မှုဖွံ့ဖြိုးမှုနယ်မြေများနှင့် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းကဲ့သို့သော တိုးတက်လာသည့် စီမံကိန်းများကြောင့် အနာဂတ်ကာလတွင် စွမ်းအင်နှင့် လျှပ်စစ်လိုအပ်ချက် မြင့်မားနေမည်သာ ဖြစ်ပေသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်စွမ်းအား လိုအပ်ချက်ကို ဖြည့်စွမ်းပေးသည့် စီမံကိန်းကြီး(၃) ရပ် ရှိပါသည်။

(1) ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ခြင်း

(2) ရင်းနှီးမြှုပ်နှံသူများဖြင့် B.O.T စနစ်အရ ဆောင်ရွက်ခြင်း

(3) ပြည်ပရင်းနှီးမြှုပ်နှံသူများဖြင့် ဖက်စပ် (သို့) B.O.T စနစ်ဖြင့် ဆောင်ရွက်ခြင်း

ဇယား(၅) မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓါတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု

အမှတ်စဉ်	ဖော်ပြချက်	လျှပ်စစ်ဓါတ်စီးအားအချိုး	တပ်ဆင်ထားသည့်စွမ်းအား
၁	၂၃၀ kV မြောက်ပြင် ထပ်ဆင့်ဓါတ်အားခွဲရုံ	၂၃၀/၃၃	၂၀၀
၂	၂၃၀ kV ရွှေစာရံ ထပ်ဆင့်ဓါတ်အားခွဲရုံ	၂၃၀/၁၃၂ ၂၃၀/၃၃	၁၀၀ ၆၀
၃	၂၃၀ kV ဘီးလင်း ထပ်ဆင့်ဓါတ်အားခွဲရုံ	၂၃၀/၁၃၂ ၂၃၀/၃၃	၁၀၀ ၁၀၀
၄	၂၃၀ kV သပြေ၀ ထပ်ဆင့်ဓါတ်အားခွဲရုံ	၂၃၀/၃၃	၆၀
၅	၂၃၀ kV သာစည် ထပ်ဆင့်ဓါတ်အားခွဲရုံ	၂၃၀/၁၃၂ ၁၃၂/၃၃	၂၀၀ ၃၀
၆	၁၃၂ kV မြင်းခြံ ထပ်ဆင့်ဓါတ်အားခွဲရုံ	၁၃၂/၆၆	၉၀
၇	၁၃၂ kV တံခွန်တိုင် ထပ်ဆင့်ဓါတ်အားခွဲရုံ	၁၃၂/၃၃	၁၂၈

MIC နှင့် JICA တို့၏ လေ့လာမှုစီမံချက်ကို MMRD က ဆောင်ရွက်ပြုစုသည်။

၈	၁၃၂ kV အောင်ပင်လယ် ထပ်ဆင့်ခါတ်အားခွဲရုံ	၁၃၂/၃၃ ၁၃၂/၁၁	၃၀ ၃၁.၅
၉	၁၃၂ kV ယင်းမာပင် ထပ်ဆင့်ခါတ်အားခွဲရုံ	၁၃၂/၃၃	၁၅
၁၀	၁၃၂ kV အနီးစခန်း ထပ်ဆင့်ခါတ်အားခွဲရုံ	၁၃၂/၃၃	၆၀
၁၁	၁၃၂ kV ရဲအောင်ဆန်း ထပ်ဆင့်ခါတ်အားခွဲရုံ	၁၃၂/၃၃	၆၀
၁၂	၁၃၂ kV တောင်တော်ကွင်း ထပ်ဆင့်ခါတ်အားခွဲရုံ	၁၃၂/၃၃	၁၅၀
၁၃	၁၃၂ kV အင်းကုန်း ထပ်ဆင့်ခါတ်အားခွဲရုံ	၁၃၂/၃၃	၆၀
၁၄	၁၃၂ kV ရတနာပုံ ထပ်ဆင့်ခါတ်အားခွဲရုံ	၁၃၂/၃၃	၁၈
၁၅	၁၃၂ kV လက်ပံလှ ထပ်ဆင့်ခါတ်အားခွဲရုံ	၁၃၂/၃၃	၂၀
၁၆	၁၃၂ kV ဇုန်(၂) ထပ်ဆင့်ခါတ်အားခွဲရုံ	၁၃၂/၃၃	၁၈
၁၇	၁၃၂ kV ချောက် ထပ်ဆင့်ခါတ်အားခွဲရုံ	၁၃၂/၆၆/၁၁	၃၉.၉၉
စုစုပေါင်း			**၁,၅၇၀.၄၉**

ဇယားမြစ်- လျှပ်စစ်စွမ်းအားပန်ကြီးဌာန

ယခုချိန်တွင် မွန္လေးတိုင်းဒေသကြီးအတွင်း ရေအားလျှပ်စစ်ဖြန့်ဖြူးပေးသည့် ဌာန(၆)ခု ရှိပြီး၊ ဆောင်ရွက်ဆဲ လုပ်ငန်းတစ်ခု ရှိပါသည်။ ၎င်းဌာနများမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် လျှပ်စစ်ဓါတ်အား ၁၄၂၄ မီဂါဝပ်ထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် အမေရိကန် အခြေစိုက်APR နှင့်အစိုးရတို့သည် မြန်ဆန်ကောင်းမွန်သည့် လျှပ်စစ်စက်ရုံ တစ်ခုကို မွန္လေးတိုင်းဒေသကြီးတွင် တည်ဆောက်ရန် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ကျောက်ဆည်မြို့တွင် အခြေစိုက်မည့် တိုးချဲ့စက်ရုံသည် မြန်မာပြည်တွင် အကြီးဆုံးစက်ရုံတစ်ရုံဖြစ်လာပြီး လူဦးရေ (၆) သန်းတို့အား လျှပ်စစ်ဓါတ်အား ထောက်ပံ့ပေးမည် ဖြစ်ပါသည်။

ပုံ(၁၁) မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်းလျှပ်စစ်ဓါတ်အားထုတ်လုပ်မှုတန်ဖိုး



ဇယားမြစ်-မန္တလေးတိုင်းဒေသကြီး အစိုးရ

၁.၄.၆ တယ်လီဖုန်းဆက်သွယ်ရေး

ဒေသတွင်းရှိ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာ့တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍသည် လွန်ကဲစွာ ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။ နိုင်ငံခြားကုမ္ပဏီများ ဝင်ရောက်မှုကို ခွင့်မပြုမီက တယ်လီဖုန်းဆက်သွယ်ရေး လုပ်ငန်းသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) ၏ လက်ဝါးကြီးအုပ်မှု အောက်တွင်ရှိခဲ့ပါသည်။ သမ္မတဦးသိန်းစိန် အစိုးရတက်လာပြီးနောက် တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍသည် အထူး ဦးစားပေးကဏ္ဍ တစ်ရပ်ဖြစ်သဖြင့် တိုးတက်လာခဲ့ပါသည်။ နိုင်ငံ၏ မိုဘိုင်းဖုန်းလိုအပ်ချက်ကို လျော့ချနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် တိုးတက်မှု ရည်မှန်းချက်များဖြင့် မြင့်မားစွာချမှတ် ဆောင်ရွက်ခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တယ်လီဖုန်းကိုင်ဆောင်မှု နှုန်းထားမှာ ၅၀% ရှိလာရန် ချမှတ်ခဲ့ပါသည်။

ပုံ(၁၂) မန္တလေးတိုင်းဒေသကြီးအတွင်း မိုဘိုင်းဖုန်းများတိုးတက်လာမှု



ဇယားမြစ်-မြန်မာ့အလင်း (၁၇-၈-၂၀၁၅) *မြန်မာ့ဆက်သွယ်ရေး၏ မိုဘိုင်းဖုန်းများသာ ဖြစ်ပေသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း တယ်လီဖုန်းဆက်သွယ်ရေးများ ပိုမိုကောင်းမွန်စေရန်အတွက် ဖော်ပြပါ လုပ်ငန်းစဉ်များကို အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းရှင်များ မြန်မာ့ဆက်သွယ်ရေးကဲ့သို့သော ဝန်ကြီးဌာနများမှသည် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(1) အင်တာနက်ဝင်ပေါက်များကို တိုးတက်လာစေရန်နှင့် ကျယ်ပြန့်လာစေရန် (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)

(2) Fiber optic cabels နှင့် microwave ဆက်သွယ်ရေး လမ်းကြောင်းများ တိုးချဲ့ရန်၊

(3) မိုဘိုင်းဆက်ကြောင်းများ ထိုးဖောက်မှု တိုးတက်လာစေရန်၊

(4) အင်တာနက် မြန်နှုန်းကို မြင့်တင်ပေးရန်

(5) စာပို့တိုက် ဆိုင်ရာစနစ်များကို မြှင့်တင်ပေးရန်

(6) ကွန်ပျူတာနှင့် IT စနစ်များ မြှင့်တင်ပေးရန်

(7) ကြေးနန်းစနစ်များ မြှင့်တင်လာရန်

(8) e- Government အမျိုးသား အချက်အလက် ဗဟိုဌာနထူထောင်ရန် တို့ဖြစ်သည်။

၁.၅ ပြည်သူပိုင်နှင့်ပုဂ္ဂလိကပိုင် ရင်းနှီးမြှုပ်နှံမှု

၁.၅.၁ ပြည်သူပိုင်ရင်းနှီးမြှုပ်နှံမှု

တိုင်းဒေသကြီးအစိုးရသည် မြို့ပြဒေသရှိ မြို့နယ်များ၏ လိုအပ်ချက်ဖြစ်သော အခြေခံအဆောက်အဦများကို မြှင့်တင်ဆောင်ရွက်ပေး နေသည့် တစ်ချိန်တည်းမှာပင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးလာရန်အတွက် အစိုးရသည် ဆေးခန်းများ ၊ အခြေခံပညာကျောင်းများ ၊ လမ်းများနှင့်တံတားများ တည်ဆောက်ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံထားပါ သည်။ ထိုမျှသာမက အစိုးရသည် ခရိုင်အားလုံးရှိ ကျေးလက်ဒေသများ လျှပ်စစ်မီးလင်းရေးအတွက် ကြိုးပမ်းအကောင်အထည် ဖော်လျက်ရှိသည်။

ရတနာပုံဆိုက်ဘာစီးတီးကို ပြည်တွင်းနှင့်အာရှဒေသများမှ အများဆုံးပါဝင်သည့် ရင်းနှီးမြှုပ်နှံသူ(၃၀)ကျော်တို့ဖြင့် ၂၀၁၆ခုနှစ်ကပင် အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်ပါသည်။ ၄င်းဆိုက်ဘာစီးတီးသည် သတင်းအချက်အလက်နည်းပညာနှင့်စပ်ဆိုင်သည့် အမျိုးမျိုးသောလုပ်ငန်းများ ၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာတက္ကသိုလ်များတို့နှင့် ညီညွတ်အောင် ဆောင်ရွက်ထားပါသည်။ အစိုးရအနေဖြင့် ဆိုက်ဘာစီးတီး၏ အဓိကအပိုင်းများ တည်ဆောက်ရန် အလေးထားခဲ့သော်လည်း ပုဂ္ဂလိကဆောက်လုပ်ရေး ကုမ္ပဏီများဖြစ်ကြသည့် အေးရှမက်ဂါလင့်(ခ)၊ အီလိုက်နှင့် သော်တာဝင်းတို့အနေဖြင့် နိုင်ငံဝန်ထမ်းများနေထိုင်ရန် အိမ်ယာများကိုသာ တည်ဆောက်ရန် ရွေးချယ်ခဲ့ပါသည်။

ပုံ(၁၃) ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းတည်နေရာပြမြေပုံ



၁.၅.၂ ပဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု

တိုင်းဒေသကြီးအတွင်း ဘက်ပေါင်းစုံလျင်မြန်စွာ တိုးတက်လာရန်အတွက် လူစွမ်းအားအရင်းအမြစ်နှင့် ဘတ်ဂျက်အတားအဆီးများ ကြောင့် တိုင်းဒေသကြီးအစိုးရအနေဖြင့် ဖွံ့ဖြိုးမှုစီမံကိန်းအရပ်ရပ်ကို ကိုင်တွယ်ဆောင်ရွက်နိုင်မည် မဟုတ်ချေ။ ထို့ကြောင့်ပင် ပဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ကိုလေ့လာရာတွင် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်းတွင် ရန်ကုန်တိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုမှာ တစ်နိုင်ငံလုံး ပဂ္ဂလိကရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၅၄%ရှိနေချိန်တွင် မန္တလေးတိုင်းဒေသကြီးမှာ ၂.၇%ဖြင့် ပဉ္စမနေရာတွင်သာ ရှိပါသည်။

မြန်မာနိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှု

မြန်မာနိုင်ငံသားများ၏ ပဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို လေ့လာရာတွင် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်းတွင် ရန်ကုန်တိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုမှာ တစ်နိုင်ငံလုံးပဂ္ဂလိကရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၅၄% ရှိနေချိန်တွင် မန္တလေးတိုင်းဒေသကြီးမှာ ၂.၇%ဖြင့် ပဉ္စမနေရာတွင်သာ ရှိပါသည်။

MIC နှင့် JICA တို့၏ လေ့လာမှုစီမံချက်ကို MMRD က ဆောင်ရွက်ပြုစုသည်။

ဇယား (၆) ၂၀၁၄ -၂၀၁၅ ဘဏ္ငာေရးနှစ်အတွင်း မြန်မာနိုင်ငံသားများ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရင်းနှီးမြှုပ်နှံမှု

(ကျပ် သန်း)

အမှတ်စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	၂၀၁၄-၂၀၁၅ ဘဏ္ငာရေးနှစ်
၁	ရန်ကုန်တိုင်း	၆၄၉,၉၆၅.၂၂
၂	နေပြည်တော်	၂၃၆,၆၂၂.၇၇
၃	တနင်္သာရီတိုင်း	၉၅,၆၄၈.၃၀
၄	ရှမ်းပြည်နယ်	၉၄,၁၄၅.၉၇
၅	မွန္လေးတိုင်း	၃၂,၉၅၄.၆၈
၆	မကွေးတိုင်း	၁၉,၃၀၄.၇၇
၇	ရခိုင်ပြည်နယ်	၁၈,၂၈၅.၇၇
၈	စစ်ကိုင်းတိုင်း	၁၇,၇၁၈.၆၁
၉	ပဲခူးတိုင်း	၁၇,၅၂၄.၁၀
၁၀	ဧရာဝတီတိုင်း	၁၃,၇၅၁.၇၈
၁၁	မွန်ပြည်နယ်	၁၀,၀၀၀.၀၀
၁၂	ကရင်ပြည်နယ်	၁,၀၀၀.၀၀
	စုစုပေါင်း	**၁,၂၀၆,၉၂၁.၉၇**

ဇာစ်မြစ်- အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (MNPED)

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ထုတ်ပြန်ချက်အရ ၂၀၁၄-၂၀၁၅ ဘဏ္ငာရေးနှစ်အတွင်း မြန်မာနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၈)ဘီလီယံ ကျော်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် စုစုပေါင်းနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၏ တစ်ဝက် (၅၀%) ရရှိထားချိန်တွင် မွန္လေးတိုင်းဒေသကြီးအတွက် (၈%)ကျော်သာရရှိခဲ့ပါသည်။

ဇယား(၇) ၂၀၁၄-၂၀၁၅ဘ ဏ္ငာရေးနှစ်အတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု

(အမေရိကန်ဒေါ်လာ သန်း)

အမှတ်စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	၂၀၁၄-၂၀၁၅ ဘဏ္ငာရေးနှစ်
၁	ရန်ကုန်တိုင်း	၃,၀၆၆.၆၅
၂	ရခိုင်တိုင်း	၁,၆၁၈.၁၉
၃	မွန္လေးတိုင်း	၆၆၆.၅၄
၄	တနင်္သာရီတိုင်း	၆၀၁.၁၂

၅	မကွေးတိုင်း	၄၆၀.၀၄
၆	ပဲခူးတိုင်း	၃၂၅.၆၀
၇	ရှမ်းပြည်နယ်	၂၃၄.၂၀
၈	ဧရာဝတီတိုင်း	၁၆၅.၅၆
၉	ကယားပြည်နယ်	၁၄၄.၃၈
၁၀	စစ်ကိုင်းတိုင်း	၁၆.၈၃
၁၁	မကွေးတိုင်း	၉.၀၀
၁၂	နေပြည်တော်	၂.၄၃
	စုစုပေါင်း	**၈,၀၁၀.၅၄**

ဇာစ်မြစ်-ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA)

၁.၆ စက်မှုဇုန်များ

မွန္လေးတိုင်းဒေသကြီးသည် မြန်မာပြည်အလယ်နေရာတွင် တည်ရှိပြီး ၊ ကုန်သွယ်မှုနှင့်သယ်ယူပို့ဆောင်မှုဗဟိုနေရာအဖြစ် သမိုင်းစဉ် တစ်လျောက်စဉ်းစားခဲ့ကြသည်။ မွန္လေးတိုင်းဒေသကြီးတွင် မွန္လေးစက်မှုဇုန် ၊ မြင်းခြံစက်မှုဇုန်နှင့် မိတ္ထီလာစက်မှုဇုန်ဟူ၍ စက်မှုဇုန်(၃)ဇုန်ရှိပါသည်။

စက်မှုဇုန်အမည်	မွန္လေးစက်မှုဇုန်	မြင်းခြံစက်မှုဇုန်	မိတ္ထီလာစက်မှုဇုန်
မြေအကျယ်အဝန်း (ဧက)	၁,၈၂၀	၁၆၃	၃၈၅
လုပ်ငန်းအရေအတွက်	၁,၂၉၄	၂၆၅	၂၉၅
တည်ဆောက်သည့်နှစ်	၁၉၉၀	၁၉၉၅	၁၉၉၇

စျေးကွက်စီးပွားရေး စတင်ခဲ့ပြီးချိန်ကစ၍ ဖက်စပ်လုပ်ငန်းများ ၊ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများနှင့် အစိုးရကခွင့်ပြုထား သည့်လုပ်ငန်းများ စတင်လုပ်ကိုင်ခဲ့ကြသည်။ စက်မှုလုပ်ငန်းကြီးများ မဟုတ်ကြသည့် အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် ကုန်ကြမ်းများ ရရှိရေးနှင့် အဓိကစက်မှုလုပ်ငန်းများအတွက် အထောက်အကူပြုရေးကဲ့သို့သော စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သို့ဖြစ်၍ ဖော်ပြပါအဆင့်များအတိုင်း ခိုင်မာစွာလုပ်ဆောင်ကြရန် လိုအပ်ပါသည်။

(1) ဥပဒေများ ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ခြင်းနှင့် ဒေသအတွင်းရှိ လုပ်ငန်းများ၏ ပတ်ဝန်းကျင်ကို

တိုးတက်ကောင်းမွန်စေရန်။

(2) စီမံဖွဲ့စည်းမှုနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်လာစေရေး။

(3) အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထောက်ပံ့ကူညီပေးရန်။

(4) နည်းပညာဆိုင်ရာသင်တန်းကျောင်း အမျိုးမျိုး၏ ထောက်ပံ့ကူညီမှုများဖြင့် အလုပ်သမားများ၏ ကျွမ်းကျင်မှုကိုမြှင့်တင်ပေးရန်။

(5) အလားအလာကောင်းမွန်သည့် ကုန်စည်များကိုသာ ထုတ်ရန်။

ပုံ(၁၄) မန္တလေးတိုင်းဒေသကြီးအတွင်းရှိစက်မှုဇုန်များ



ဇာစ်မြစ်- မြန်မာ့ဈေးကွက်သုတေသနနှင့်ဖွံ့ဖြိုးရေး(MMRD)

မန္တလေးမြို့သာစက်မှုဇုန်ဥယျာဉ်သည် မန္တလေးမြို့နှင့်(၃၀)မိုင်ခန့်အကွာ ငါန်းစွန်မြို့နယ် မြို့သာအနီးတွင် တည်ရှိသည်။ ၄င်းကို မြို့သာစက်မှဖွံ့ဖြိုးရေး အများပိုင်ကုမ္ပဏီက ဆောင်ရွက်သည်။ စက်မှုဥယျာဉ်မြို့တော်မှာ ၁၀,၃၃၇ဧက ကျယ်ဝန်းပြီး ၊ ၄င်းတွင်စက်မှလုပ်ငန်းများ အတွက်သီးသန့်နေရာများ၊ ကုန်သိုလှောင်ရုံများနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာများ၊ လူနေထိုင်ရန်တိုက်တာများ၊ လမ်းများနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာများ၊ အများပြည်သူရောင်းဝယ်ဖောက်ကားနိုင်သည့် နေရာများနှင့် ကျေနပ်နှစ်သက်ပျော်ရွှင်မှုပေးမည့် နေရာများပါဝင်သည်။

ပုံ(၁၅) မြို့သာစက်မှုဇုန်၏တည်နေရာပြပုံ

ဇာစ်မြစ်-မြန်မာ့ဈေးကွက်သုတေသနနှင့်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်(MMRD)

ပုံ(၁၆) မြို့သာစက်မှုဥယျာဉ်



ဇာစ်မြစ်-မွန္လေးမြို့သာစက်မှဖွံ့ဖြိုးရေး အများပိုင်ကုမ္ပဏီလီမိတတ် (MMID)

မွန္လေးမြို့သာစက်မှဖွံ့ဖြိုးမှုစီမံကိန်းတွင် ဖော်ပြထားမှုအရ ၊ စက်မှုဇုန်၏တည်နေရာသည် ဗျူဟာကျသည့်နေရာတွင် စနစ်တကျတည်ရှိ ပြီး ၊ စက်မှုလုပ်ငန်းများအားလုံးနှင့် စီးပွားရေးဆိုင်ရာဆောင်ရွက်မှု လုပ်ငန်းများအားလုံးအတွက် အခွင့်အလမ်းများကို လွယ်ကူစွာရရှိနိုင်ပေသည်။ ဤစက်မှုဥယျာဉ်ကြီးကို အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန်လည်းကောင်း ၊ မွန္လေးတိုင်းဒေသကြီးအတွင်း ဆင်းရဲနွမ်းပါးမှုပျောက် စေရန်အတွက် လည်းကောင်း ၊ ပြည်တွင်းနှင့်ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအတွက် အကြိုလုပ်ငန်းများနှင့်ဝန်ဆောင်မှု အခြေပြု ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်များတည်ဆောက်ရာတွင် ထိရောက်မှုရှိစေရန်တို့အတွက် တည်ထောင်ထားပါသည်။ လုပ်ငန်းမျိုးစုံ တည်ထောင်ဖွင့်လှစ်ရန် ဆောင်ရွက်ထားရာတွင် အခြေခံစက်မှုလုပ်ငန်းများ၊ အဆင့်မြင့် နည်းပညာ

MIC နှင့် JICA တို့၏ လေ့လာမှုစီမံချက်ကို MMRD က ဆောင်ရွက်ပြုစုသည်။

လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုအလေးပေးသည့်လုပ်ငန်းများ၊ စားသုံးမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုထားသော်လည်း အကြီးစားစက်မှု လုပ်ငန်းများ ကိုကား ခွင့်ပြုမည်မဟုတ်ချေ။

အဆိုပါစီမံကိန်းကြီးကို အပိုင်းအလိုက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်မည်ဖြစ်ပြီး၊ အပိုင်း(၁) ၂,၅၀၀ဧကကို (၂၀၁၃ မှ ၂၀၁၇) တွင် လည်းကောင်း၊ အပိုင်း(၂) ၄,၅၀၀ဧကကို(၂၀၁၇မှ၂၀၂၂)တွင်လည်းကောင်း၊ အပိုင်း(၃) ၃,၅၀၀ဧကကို (၂၀၂၂မှ၂၀၂၅) တွင်လည်းကောင်း ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ အရေးကြီးသည့် လုပ်ငန်းခွင်နေရာများအတွက် လျှပ်စစ်မောတ်အားလိုင်းများကို သွယ်တန်းလျက်ရှိပြီး၊ မန္တလေးမြို့သာစက်မှု ဖွံ့ဖြိုးမှုစီမံကိန်းအနေဖြင့် 2×20 MVA of 66KV ထပ်ဆင့်မောတ်အားခွဲရုံတစ်ခုကို လျှပ်စစ်မောတ်အားဝန်ကြီးဌာနမှ ရရှိပြီးဖြစ်သည်။ ဆက်သွယ်ကူး ပြောင်းလာသည့် မါတ်အားလိုင်းများနှင့်ထပ်ဆင့်မါတ်အားခွဲရုံများကို စတင်တည်ဆောက်နေပြီး ၂၀၁၆ဖေနန်ဝါရီလတွင် ပြီးစီးမည်ဖြစ်ပါသည်။

၁.၇ အလုပ်သမား

မန္တလေးတိုင်းဒေသကြီးတွင် လူဦးရေ(၆)သန်းကျော်ရှိပြီး မြန်မာနိုင်ငံတွင် လူဦးရေအထူထပ်ဆုံးသော ဒေသလည်း ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး၏ လူဦးရေပိုရမစ်ပုံစံမှာ အိုးပုံဖြစ်နေပါသည်။ မြန်မာ တစ်နိုင်ငံလုံး၏ လူဦးရေပိုရမစ်ပုံနှင့်လည်း ဆင်တူလှပါသည်။ လူငယ်အရေအတွက် တိုးပွားလာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အရေးကြီးလှပါသည်။ သို့ဖြစ်၍ မူဝါဒများနှင့်လုပ်ငန်း အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာအောင် ဆောင်ရွက်ရန် အရေးတကြီးလိုအပ်ပြီး၊ အစိုးရနှင့်အခြားပါဝင်ဆောင်ရွက်သင့်သူများက ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပုံ(၁၇) မန္တလေးတိုင်းဒေသကြီး၏လူဦးရေပိုရမစ်ပြုပုံ



ဇာစ်မြစ်-အမျိုးသားသန်းခေါင်စာရင်း ၂၀၁၄

မန္တလေးတိုင်းဒေသကြီးတွင် ပုဂ္ဂလိကအလုပ်သမား ၁၅၀,၀၀၀ဦးနှင့် အစိုးရဝန်ထမ်း ၁၂၀,၀၀၀ဦးတို့ရှိပါသည်။ စက်မှုကဏ္ဍမှာ အလုပ် သမား ၅၆,၀၀၀ဦးဖြင့် လူဦးရေများပြားလှပါသည်။ ထိုအလုပ်သမားများသည် မန္တလေး ၊ မြင်းခြံနှင့်မိတ္ထီလာစက်မှုဇုန်များရှိ အမျိုးမျိုးသောစက်မှုလုပ် ငန်းများတွင် လုပ်ကိုင်လျက်ရှိကြပါသည်။ ပြည်တွင်းရှိအဖွဲ့အစည်းများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကိုမြှင့်တင်ပေးရန် ၊ စက်မှုဇုန်အသစ်များတည်ထောင်ပေးရန် လိုအပ်ပါသည်။ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများမှာ ဒေသအတွင်းရှိ အလုပ်သမားအများစုလုပ်ကိုင်ရာ နေရာများဖြစ်ကြပါသည်။

၁.၈ မန္တလေးခရိုင်၏ဖွံ့ဖြိုးတိုးတက်မှု

ရန်ကုန်ကဲ့သို့ပင် မန္တလေးတွင်လည်း စည်ပင်သာယာရေး နယ်မြေများဖြင့် ဖွဲ့စည်းထားပါသည်။ မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီလက်အောက်တွင် မြို့ပေါ်ရှိမြို့နယ်(၇)ခု ပါဝင်ပြီး ၊ ဇရိယာစတုရန်းမိုင် ၁,၄၇၄ကျယ်ဝန်းပါသည်။ မန္တလေးခရိုင်၏ အဓိကစီးပွားရေး လုပ်ငန်းများမှာ စက်မှုဇုန်လုပ်ငန်းများ ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ကုန်သွယ်လုပ်ငန်းများ ဖြစ်ကြပါသည်။ မန္တလေးခရိုင်သည် အိန္ဒိယနှင့် တရုတ်အကြား မဲခေါင်ဒေသခွဲ စကြံလမ်းမကြီးတစ်လျှောက် လေကြောင်းလိုင်းများ ၊ ကုန်လမ်းများ ၊ မီးရထားလမ်းများ ၊ ပြည်တွင်းလေကြောင်း လမ်းများဖြင့် မဟာဗျူဟာကျစွာ တည်ရှိသည်။ ဗဟိုချက်မြို့တော်ဟုလည်း ခေါ်ဆိုကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေအရ ၁၉၉၂ခုနှစ်တွင် ပထမဦး စွာတည်ထောင်ခဲ့ပါသည်။ ၄င်းကော်မတီအနေဖြင့် ဆောင်ရွက်ရန်တာဝန်များ ကျယ်ပြန့်စွာရှိရာတွင်-မြို့တော်စီမံကိန်း၊ မြေစီမံ ခန့်ခွဲမှု၊ အခွန် ကောက်ယူ စုစည်းမှုနှင့် မြို့ပြဖွံ့ဖြိုးရေးတို့ ပါဝင်သည်။ ကော်မတီသည် အိမ်ယာများ၊လမ်းများ၊ အခြေခံ အဆောက်အဦးများ နှင့်ပြည်သူများ လိုအပ်သည့် အရာများကို ဖြည့်စွမ်းနိုင်ရန်အတွက် များစွာသောကုမ္ပဏီများဖြင့် တွဲဖက်၍(သို့) B.O.T စနစ်များဖြင့် လုပ်ဆောင်လျက်ရှိသည်။

ပုံ(၁၈) မန္တလေးခရိုင်၏ ဂျီဒီပီရရှိမှု (နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်-မန္တလေးတိုင်းဒေသကြီး အစိုးရ

၁.၈.၁ မန္တလေး၏ အခြေခံအဆောက်အဦးနှင့်ကူးသန်းရောင်းဝယ်မှု စီမံကိန်းများ

မန္တလေးမြို့တော်တွင် စည်ပင်သာယာရေး ကော်မတီသည် စက်မှုဇုန်များအတွင်း စီးပွားရေးလုပ်ငန်းများနှင့် စက်ရုံများ တိုးပွားလျက်ရှိ သဖြင့် ရေပေးဝေဖြန့်ဖြူးရေး လုပ်ငန်း၊ ရေဆိုးစွန့်ပစ်လုပ်ငန်းနှင့် မြို့တော်၏စီမံခန့်ခွဲမှု လုပ်ငန်းများကို အလေးထားဆောင်ရွက်လျက် ရှိပါသည်။ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA)အနေဖြင့် ပြည်ကြီးတံခွန် မြို့နယ်တွင် ဒေါ်လာသန်း (၂၀) တန်ဖိုးရှိ မြို့ရေပေးရေးလုပ် ငန်းများကို ထောက်ပံ့ကူညီခဲ့ပါသည်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ(MCDC)သည် အပြည်ပြည်ဆိုင်ရာချေးငွေနှင့် ထောက်ပံ့ငွေများ မပါဝင်ဘဲHydrotek Public Company နှင့် ပူးပေါင်း၍ ရေဆိုးစုဆောင်းစွန့်ထုတ်မှု စနစ်ဆိုင်ရာ ဗဟိုစက်ရုံတစ်ရုံကို ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီအနေဖြင့် စည်ပင်မှစွန့်ပစ်သည့် အညစ်အကြေး အတုံးအခဲများကို အသုံးပြု၍ စွမ်းအင်ထုတ်ယူနိုင်ရန် အတွက် ထိုင်းနိုင်ငံမှ ဩဇာတနစ်အဖွဲ့နှင့် B.O.T စနစ်အရ ဆောင်ရွက်လျက် ရှိပါသည်။

ပြည်ကြီးမင်္ဂလာကုန်တင်ကားကြီးဝင်းကို MCDCမှ တည်ဆောက်ခဲ့ရာတွင် ကုန်တင်ယာဉ်ကြီးများဆိုင်ရာတွင် ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သိုလှောင်ရုံ၊ ဘဏ်များ၊ မော်တော်ကားပြင်အလုပ်ရုံများ၊ ကျန်းမာရေးဆေးခန်းများ အတွက် ကွန်ကရစ်အားဖြည့် အဆောက်အဦး၊ အလုံး(၈၀) ပါဝင်ပါသည်။ ၄င်း၏ဧရိယာ အကျယ်အဝန်းမှာ (၆၂) ဧကခန့် ရှိပြီး (၂၀၁၂) ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးဆုံးခဲ့ပါသည်။

MCDC သည် CAD ဆောက်လုပ်ရေး၊ New Star Light ဆောက်လုပ်ရေးတို့နှင့် ပူးပေါင်း၍ မင်္ဂလာမန္တလေး စီမံကိန်းကို ၂၀၁၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပါသည်။

စီမံကိန်း၏ ပထမပိုင်းလုပ်ငန်းများ ပြီးစီးခဲ့ရာတွင် တိုက်ခန်းများ၊ စူပါမားကတ်များ၊ ယာဉ်ရပ်နားရန်နေရာများ၊ ကြယ်သုံးပွင့် အဆင့်ရှိ ဟိုတယ်တစ်လုံး၊ ကွန်ဒိုမီနီယမ် တိုက်ခန်းများ၊ အိမ်ဆိုင်များ၊ နေထိုင်သူများအတွက် စျေးဝယ်စင်တာများ ပါဝင်သည်။ ထို့အပြင် Pullman Hotel, ကွန်ဒိုမီနီယမ်နှင့် ခြံဝန်းပါအိမ်နှင့် ရုံးအဆောက်အဦးများကို ဆောက်လုပ်နေဆဲ ဖြစ်ပါသည်။

မန္တလေးကွန်ဗေးရှင်းစင်တာ (MCC) ကို MCDC ပိုင်ဆိုင်သည့် ချမ်းမြသာစည် မြို့နယ်အတွင်းရှိ (၁၄.၈) ဧက ကျယ်ဝန်းသော တောင်သိပ်ပံ လမ်းပေါ်တွင် တည်ဆောက်လျက် ရှိပါသည်။ ထိုသို့ တည်ဆောက်ရာတွင် MCDC သည် New STAR Light နှင့် CAD ဆောက်လုပ်ရေး တို့နှင့် ဖက်စပ်စနစ်အရ တည်ဆောက်ပါသည်။ MCCတွင်

ထိုင်ခုံ(၁၅၀၀၀ ပါဝင်သည့် ခန်းမကြီး၊ အစည်းအဝေးခန်းမကြီး (၆) ခု၊ ကုန်စည်များခင်းကျင်း ပြသရာနေရာများ၊ ထိုင်ခုံ(၁၀၀၀) ရှိ ခန်းမတစ်ခုနှင့် မော်တော်ကား(၂၀၀၀) ရပ်နားနိုင်မည့် ယာဉ်ရပ်နားရန် နေရာများပါရှိမည် ဖြစ်သည်။ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စင်တာတွင်ဟိုတယ်တစ်လုံး၊ စျေးဝယ်စင်တာတစ်ခု(၁၆) ထပ်ရှိပါသည်။ ရုံးခန်းများအတွက် အဆောက်အဦး၊ အထပ်(၂၀)ပါသည်။ ကွန်ဒိုမီနီယမ်(၂) လုံးတို့ကို ၂၀၁၇ နှင့် ၂၀၁၈ နှစ်များတွင် တည်ဆောက်ရန် မျှော်မှန်းထားပါသည်။

တံတားဦးဟိုတယ်ဇုန် စီမံကိန်းသည် မန္တလေးမြို့တော်၏ အနောက်တောင်ဘက်၊ ဇက ၂၀၀၀ခန့်ကျယ်ဝန်းသော နေရာတွင် တည်ရှိပါသည်။ ၄င်းကို မြန်မာ့ခရီးသွား ဖွံ့ဖြိုးမှု ကုမ္ပဏီလိမိတက်က ဆောက်လုပ်မည် ဖြစ်ပြီး၊ ဟိုတယ်များ၊ ရောင်းဝယ်ရေးနှင့် ဝွေကြေးလုပ်ငန်းဆိုင် ရာ နေရာများနှင့် လူနေမှုဆိုင်ရာ နေရာများ ပါဝင်မည် ဖြစ်သည်။ ၄င်းစီမံကိန်းတွင် စျေးကွက်အတွင်း ဟိုတယ်အခန်း(၁၀၀၀၀) ရှိရန်နှင့် ဒေသခံပြည်သူ(၅၀၀၀၀) တို့ အလုပ်အကိုင်ရရှိရန် ရည်မှန်းထားပါသည်။

MCDC သည် ရေတံခွန်တောင် ဂေါက်ကွင်းကို တည်ဆောက်လျက်ရှိပြီး၊ ပန်းခြံများ၊ အပန်းဖြေစင်တာများနှင့် ကုန်းမြင့် အိမ်ယာတို့ ပါဝင်မည် ဖြစ်သည်။ ပန်းခြံများတွင် အိမ်ယာများအတွက် သီးသန့်မြေဧရိယာမှာ (၂၂၅) ဇက ရှိပါသည်။

မန္တလေးစိမ်လန်းမြို့တော် ကုမ္ပဏီလိမိတက်သည် မန်းမြန်မာ၊ သန်းလွင်မြတ်နှင့် တစ်ဒါဇင်သော အခြားပြည်တွင်း ကုမ္ပဏီများနှင့် ပူးတွဲ၍ မန္တလေးလက္ကားစျေးကွက်ကြီး တစ်ခုကို မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးတွင် တည်ဆောက်လျက်ရှိပါသည်။ အဆိုပါ စီမံကိန်းတွင် ကုန်သွယ်မှုဆိုင်ရာ အဆောက်အအုံများ၊ အအေးခန်း သိုလှောင်ရုံများ၊ ဘဏ်များ၊ ဟိုတယ်များ၊ ဧည့်ရိပ်သာများနှင့် ပြခန်းမကြီးများ ပါဝင်ပေသည်။ ဇက(၁၀၀) ကျယ်ဝန်းသော မြေပေါ်တွင်လက္ကား အရောင်းစျေးကွက် စီမံကိန်းကို တည်ဆောက်ရခြင်းမှာ အထက်မြန်မာပြည်၏စျေးကွက် အခြေအနေတိုးတက် လာစေရန်နှင့် တရုတ်စျေးကွက်အပေါ် မှီခိုနေရမှုများကို လျော့ချနိုင်ရန် ဖြစ်ပါသည်။ ကုန်စည်ဝင်ရောက်မှုမှာ အနီးအပါးရှိ မြို့များဖြစ်သော စစ်ကိုင်း၊ မိတ္ထီလာ၊ မြင်းခြံနှင့် မြန်မာပြည်မြောက်ချမ်း မြို့များမှ ကုန်စည်များ အဓိကလာရောက်ကြမည် ဖြစ်ပြီး၊ စီမံကိန်းကြီးကို ၂၀၁၇ ဇပြီလတွင် ပြီးစီးရန် မျှော်မှန်းထားပါသည်။]

ပုံ (၁၉) မန္တလေးလက်ကားဈေးကွက်၏ ပင်မစီမံကိန်းပြမြေပုံ



ဇာစ်မြစ်- မန္တလေးစိမ်းလန်းမြို့တော် ကုမ္ပဏီလိမိတက်

၁.၈.၂ စက်မှုဇုန်များ

မန္တလေးသည် စက်မှုဆိုင်ရာတွင်လည်း ဗဟိုချက်မဖြစ်ပါသည်။ မှတ်ပုံတင်ထားသည့် စက်မှုလုပ်ငန်းအရေအတွက်မှာ (၄၀၀၀) ကျော်ရှိ ပြီး၊၇၀% သော လုပ်ငန်းများမှာ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖြစ်ကြပါသည်။ အသေးစားနှင့် အငယ်စား စက်မှုလုပ်ငန်းများတွင် လုပ်သားဦးရေ (၁၉) ယောက်ထိရှိပြီး၊ အလတ်စားလုပ်ငန်းများတွင် လုပ်သားဦးရေ (၉၉)ဦး အထိ ရှိပါသည်။ အကြီးစားလုပ်ငန်းများတွင် လုပ်သားဦးရေ (၁၀၀) ထက် ပို၍ ရှိပါသည်။ စက်မှုလုပ်ငန်းများအနေဖြင့် ရေဆိုးစွန့်ပစ်မှု စနစ်မှာအားနည်းနေဆဲ ဖြစ်ပါသည်။ အငယ်စား စက်မှုလုပ်ငန်း(၃၀၀၀)တို့သည် (၁) စားသောက်ရေးဆိုင်ရာ လုပ်ငန်း (၂) လူသုံးကုန်ပစ္စည်း လုပ်ငန်း (၃) ကျောက်မျက်လုပ်ငန်းနှင့် (၄) ချည်ထည်လုပ်ငန်းများအဖြစ် မှတ်ပုံတင်ထားကြပါသည်။ ထပ်ဆင့် တန်ဖိုးရနိုင်မှုနှင့် ကုန်ချောရရှိနိုင်မှု အနေအထားအရ စားသောက်ရေးဆိုင်ရာ လုပ်ငန်းသည် အလားအလာ အကောင်းဆုံးဖြစ်ပါသည်။

ပုံ(၂၀) မွန္အလေးခရိုင်၏ စက်မှုလုပ်ငန်းများ မှတ်ပုံတင်မှု အခြေနေ



ဇယားမြစ်- မွန္အလေးတိုင်းဒေသကြီး အစိုးရအဖွဲ့

မွန္အလေးစက်မှုဇုန်တွင် ဇုန်(၁) ၊ဇုန်(၂) နှင့် ဇုန်(၃) ဟူ၍ ဇုန်(၃) ဇုန် ရှိပါသည်။ ဇုန်(၁) ကို ၁၉၉၀ခုနှစ်တွင် စတင်ခဲ့ပြီး၊ ဇုန်(၂) ကို၁၉၉၈ ခုနှစ်တွင် လည်းကောင်း၊ ဇုန်(၃)ကို ၂၀၀၃ ခုနှစ်တွင်လည်းကောင်း အသီးသီးဖွင့်လှစ်ခဲ့ကြပါသည်။ ဇုန်(၁)သည် ပြည်ကြီးတံခွန်မြို့နယ်တွင် တည်ရှိပြီး အကွက်ပေါင်း ၃၅၀၀နှင့် ဧရိယာအကျယ်အဝန်း၁၈၂၀ ဧကရှိပါသည်။ မွန္အလေးစက်မှုဇုန် စီမံခန့်ခွဲမှု ကော်မတီကို စက်မှုဇုန်များ၏ စီမံခန့်ခွဲမှု အရပ်ရပ်ကို အထောက်အကူပြုစေရန်နှင့် လုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့အစည်းများကြား ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းခဲ့ပါသည်။

မွန္အလေး၏စက်မှုဇုန်များတွင် စက်ရုံပေါင်း ၁၂၀၀ကျော်ရှိပြီး စားသောက်ကုန်နှင့် အိမ်သုံးပစ္စည်းများ၊ ကုန်ကြမ်းများနှင့် တစ်ဝက်တစ်ပျက် ကုန်ချောများ၊ စိုက်ပျိုးရေးနှင့် အခြားသောစက်အမျိုးအစားများ၊သယ်ယူပို့ဆောင်ရေးဆိုင်ရာများကို အလေးထားထုတ်လုပ်ကြပါသည်။

ပုံ(၂၁) မွန္အလေးစက်မှုဇုန်ရှိ မှတ်ပုံတင်ထားသည့် လုပ်ငန်းများ၏ ကြီး၊ လတ်၊ ငယ်ပြပုံ



ဇယားမြစ်-မွန္အလေးစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီ

ရက်လုပ်ပြီး အထည်ချုပ်လုပ်သည့် လုပ်ငန်းများမှအပ မော်တော်ကားတာယာ၊ ဆပ်ပြာမှုန့်နှင့် FMCGထုတ်ကုန်များကို ထုတ်လုပ်လျက်ရှိ သည်သာမက သစ်အခြေခံစက်မှုလုပ်ငန်းများမှ ထုတ်လုပ်သည့် ပို့ကုန်ပစ္စည်းများကို အဓိကနိုင်ငံများဖြစ်သော ပြင်သစ်၊ အီတလီ၊ ဂျပန်၊ တရုတ်၊ ထိုင်း၊ ယူနိုက်တက်ကင်းဒမ်း၊ တောင်ကိုရီးယားနှင့် စကင်္ကပူနိုင်ငံများသို့ တင်ပို့ပါသည်။

မွန္ကလေးစက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီအနေဖြင့် မွန္ကလေးစက်မှုဇုန်အား နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်သည့် နိုင်ငံတကာအဆင့်မီ စက်မှုဇုန်ကြီးအဖြစ် အဆင့်မြှင့်တင်မည့် စီမံကိန်းများ ချမှတ်ထားပါသည်။ သို့ဖြစ်၍ အဆိုပါ ကော်မတီအနေဖြင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံ ပုဂ္ဂိုလ်များဖြင့် လူစွမ်းအားအရင်းအမြစ် သင်တန်းများ၊ အနာဂတ်ကာလ ဖွံ့ဖြိုးမှုအတွက် အခြေခံအဆောက်အဦး များ ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်မှုသင်တန်းများကို အတူတကွ ပူးတွဲဆောင်ရွက်လျက် ရှိပါသည်။

၂. မန္တလေးမြို့ရှိစီးပွားရေးလုပ်ငန်းများကိုသိရှိနားလည်ခြင်း (လုပ်ငန်းပိုင်ရှင်များ၏အမြင်)

မန္တလေးတိုင်းဒေသကြီးသည် အားလုံးသော ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ပေးစွမ်းနေပေသည်။ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် လုပ်ငန်းများမထူထောင်မီ မန္တလေး၏အခြေအနေများကို သိရှိရန်လိုပေသည်။ သို့မှသာ ရင်းနှီးမြှုပ်နှံသူများအတွက် အကျိုးအမြတ်များ ရရှိလာမည်ဖြစ်ပါသည်။ မန္တလေးမြို့၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေတွင် လုပ်ငန်းများ၏ ရရှိနိုင်မည့် အခွင့်အလမ်းများကို သိရှိနိုင်ရန်အတွက် မန္တလေးမြို့နှင့် ပတ်ဝန်းကျင်ရှိ စီးပွားရေးလုပ်ငန်း(၄၂) ခုတို့ကို ၂၀၁၅ခုနှစ် ဩဂုတ်လ (၃) ရက်မှ (၁၄) ရက်အထိ စစ်တမ်းကောက်ယူခဲ့ပါသည်။ ပိုမိုပြည့်စုံသည့် ရလဒ်များဖြစ်စေရန်အတွက် တိုင်းဒေသကြီးရှိ ဝန်ကြီးဌာနများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်/စက်မှုအသင်းချုပ်နှင့် စက်မှုဇုန်များမှ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

စစ်တမ်းဆိုင်ရာလုပ်ငန်းအဖွဲ့၏အင်အား

စစ်တမ်းလုပ်ငန်းအဖွဲ့တွင် လုပ်ငန်းအဖွဲ့၏ခေါင်းဆောင်၊ လက်ထောက်ခေါင်းဆောင်၊ စက်မှုစစ်တမ်းကျွမ်းကျင်သူနှင့် အဆိုပါစစ်တမ်း မျိုးတွင် ကောင်းမွန်သောအတွေ့ကြုံရှိသည့် အဖွဲ့ဝင်များဖြင့် ပါဝင်ဖွဲ့စည်းခဲ့ပါသည်။

ဇယား(၈) မန္တလေးဒေသ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဆိုင်ရာ စစ်တမ်း၏ လူအင်အားဖွဲ့စည်းပုံ

လုပ်ငန်းနယ်ပယ်	ပန်ထမ်း	အရေအတွက်	စုစုပေါင်း
မန္တလေးဒေသ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဆိုင်ရာစစ်တမ်း	အဖွဲ့ခေါင်းဆောင်	၁	၅
	လက်ထောက်အဖွဲ့ခေါင်းဆောင်	၁	
	စက်မှုစစ်တမ်းကျွမ်းကျင်သူ	၁	
	အငယ်တန်းစက်မှုစစ်တမ်းကျွမ်းကျင်သူ	၁	
	စီမံရေးရာလုပ်ငန်းများဆောင်ရွက်မည့် အငယ်တန်းပန်ထမ်းများ	၁	

ကောက်ယူမှုနည်းလမ်း

MMRD အနေဖြင့် ဒုတိယအဆင့် အချက်အလက်များကို (စားပွဲတင်သုတေသန) နည်းလမ်းဖြင့် သင့်တော်သည့် စက်မှုလုပ်ငန်းများကို ဦးစွာ ရွေးချယ်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများ တည်ထောင်ရာတွင်လည်းကောင်း၊ လည်ပတ်ရာတွင် လည်းကောင်း၊လိုအပ်သည့် စည်းမျဉ်းနှင့် နည်းလမ်းများကို လေ့လာရန် ဖြစ်ပါသည်။

စားပွဲတင် သုတေသနသည် စာရင်းအင်းဆိုင်ရာ သတင်းအချက်အလက်များ၊ မက်ခရိုစီးပွားရေးဆိုင်ရာ အချက်အလက်များနှင့် မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းများ အရေအတွက်ကို ရရှိစေပါသည်။ ဒုတိယအဆင့်တွင် ကွင်းဆင်းသုတေသနပြုမှု နည်းလမ်းဖြင့် ရွေးချယ်ထားပြီး ဖြစ်သော အလားအလာကောင်းသည့် ပြည်တွင်းစီးပွားရေး လုပ်ငန်းများကို တစ်ခုပြီးတစ်ခု (B2Bs) ကောက်ယူခြင်း ဖြစ်သည်။ အဆိုပါ လုပ်ငန်းများသည် လက်လီဈေးသူများ၊ လက်ကားရောင်းဈေးသူများ၊ ဖြန့်ဖြူးသူများနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတွင် အဓိကပတ်သက်မှုရှိကြပေသည်။ အသေးစိတ်ထွက်ရှိလာမှုမှာ မန္တလေးဒေသရှိကဏ္ဍကြီး(၇)ခုအတွက် မေးမြန်းမှု(၄၂)ခုပင်ဖြစ်ပါသည်။

လုပ်ငန်းတစ်ခုပြီးတစ်ခု မေးမြန်းမှုမဟုတ်ဘဲ (B2Bs)မေးမြန်းရမှုမှာ (၂၀)ခုသောတရားဝင် မဟုတ်သည့်မေးမြန်းမှု (KII)ဖြစ်ပြီး၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့်လုပ်ငန်းအဖွဲ့အစည်းများကို မေးမြန်းခဲ့မှုဖြစ်ပါသည်။

မွန္လေးမြို့တော်နှင့် ပတ်ဝန်းကျင်၏အခြေခံ အဆောက်အဦးဆိုင်ရာဖွံ့ဖြိုးမှုနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို သိရှိနားလည်ရန်အလို့ငှာ သော့ချက်ကျသည့် အများပြည်သူ ဆိုင်ရာရုံးများ၊ အဖွဲ့အစည်းများကို တရားဝင်မဟုတ်သည့် မေးမြန်းမှု(KII)ကိုဆောင်ရွက်ခဲ့ပါသည်။

ဇယား(၉) (KII) မေးမြန်းမှုဆောင်ရွက်ခဲ့သည့် ဌာနနှင့် အဖွဲ့အစည်းများ

အမှတ်စဉ်	ဌာနဆိုင်ရာနှင့် အသင်းအဖွဲများ မေးမြန်းမှု	နမူနာအရေအတွက်
ဌာနများ		၁၄
၁	ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ၊ မွန္လေး	
၂	ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန	
၃	စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မွန္လေးတိုင်းဒေသကြီး	
၄	အသေးစားလုပ်ငန်းများဦးစီးဌာန	
၅	ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူကာကွယ်ရေးဌာန	
၆	စိုက်ပျိုးရေးဌာန	
၇	အလုပ်သမားညွှန်ကြားမှုဦးစီးဌာန	
၈	မွန္လေးမြို့တော်စည်ပင်သာယာရေးကော်မတီ (MCDC)	
၉	အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) MCDC	
၁၀	အင်ဂျင်နီယာဌာန(အဆောက်အအုံ) MCDC	
၁၁	အခွန်ဌာန MCDC	
၁၂	စျေးများနှင့်သားသတ်ဌာန MCDC	
၁၃	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန MCDC	
၁၄	ဆောင်ဒါးရက်ကန်းကျောင်း၊ အသေးစားစက်မှုလုပ်ငန်းများဌာန၊ သမဂ္ဂိယမဝန်ကြီးဌာန	
အသင်းအဖွဲများ		၆
၁	ကုန်ထုတ်မှု သဘော်တင်အဖွဲ/ မွန္လေးရေယာဉ်ပိုင်ရှင်များအသင်း	
၂	မွန္လေးသစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များထုတ်လုပ်/တင်ပို့သူများအသင်း	
၃	အိမ်ရာမြေအကျိုးဆောင်လုပ်ငန်းများအသင်း	
၄	မြန်မာ့ကြံနှင့်သကြားထုတ်လုပ်ရောင်းချသူများအသင်း	
၅	သစ်သားပန်းပုထုလုပ်သူများအဖွဲ့	
၆	အဝေးပြေးကုန်စည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့	
	စုစုပေါင်း	၂၀

MIC နှင့် JICA တို့၏ လေ့လာမှုစီမံချက်ကို MMRD က ဆောင်ရွက်ပြုစုသည်။

လုပ်ငန်းများတစ်ခုပြီးတစ်ခု ကောက်ယူမေးမြန်းမှု (B2B) တွင်စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်း၊ စားသောက်ရေးဆိုင်ရာလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ ဆောက်လုပ်ရေး၊ ကုန်သွယ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် သယ်ဆောင်ရေး၊ နှင့် အသေးစားနှင့်အလတ်စား လုပ်ငန်းများပါဝင်သည်။ ထိုသို့မေးမြန်းကောက်ယူရခြင်းမှာ ကုမ္ပဏီဆိုင်ရာသတင်းအချက်အလက်များ၊ လုပ်ငန်းတည်ဆောက်မှုများ၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ချက်နှင့် အနာဂါတ်ဖွံ့ဖြိုးရေးဆိုင်ရာ အသေးစိတ်အချက်အလက်များကို သိရှိနားလည်စေရန်ဖြစ်ပါသည်။

ဇယား (၁၀) စီးပွားရေးလုပ်ငန်းများ မေးမြန်းမှုဆောင်ရွက်ခဲ့သည့် လုပ်ငန်းအမျိုးအစားအလိုက်အရေအတွက်

အမှတ်စဉ်	ကဏ္ဍ	နမူနာအရေအတွက်
၁	အစားအသောက်ဆိုင်ရာလုပ်ငန်း	၁၁
၂	ကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်း	၁၀
၃	စိုက်ပျိုးရေးကုမ္ပဏီများ	၅
၄	ဟိုတယ်နှင့်ခရီးသွားလာရေး	၅
၅	ကုန်သွယ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် သိုလှောင်ရေး	၅
၆	အသေးစားနှင့်အလတ်စားလုပ်ငန်းများ (ပန်းပု)	၄
၇	အခြေခံအဆောက်အဦ (ဆောက်လုပ်ရေးနှင့်အကျိုးဆောင်လုပ်ငန်းများ)	၂
	စုစုပေါင်း	**၄၂**

မွန္လေးကုန်သည်စက်မှုအသင်းချုပ်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန မွန္လေးတို့၏ကူညီဆောင်ရွက်မှုဖြင့် MMRD အဖွဲ့များသည် များစွာသောကဏ္ဍများကို မေးမြန်းကောက်ယူနိုင်ခဲ့ပါသည်။ ထိုအထဲတွင် စားသောက်ရေးဆိုင်ရာပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများ၏ အရေအတွက်မှာ [၄၉%] ဖြင့်အများဆုံးပါဝင်လျက်ရှိပါသည်။ စားသောက်ရေးဆိုင်ရာ ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများတွင် သကြားစက်၊ ဆီကြိတ်စက်၊ ဘီစကွက်စက်ရုံနှင့် ပဲခွဲစက်ရုံများပါဝင်ပြီး၊ ကုန်ထုတ်လုပ်ငန်းဆိုင်ရာများတွင် ဘိလပ်မြေစက်ရုံ၊ အထပ်သားစက်ရုံ၊ သတ္ထုအရည်ကျိုပုံသွန်းလောင်းလုပ်ငန်းများနှင့် တာယာစက်ရုံများပါဝင်ပါသည်။ စားသောက်ရေးဆိုင်ရာလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများသာမက စိုက်ပျိုးရေး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့်ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ ကဲ့သို့သော အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ သည်လည်းကျန်စစ်တမ်းများတွင်ပါဝင်ခဲ့သည်။ လုပ်ငန်း (၄၂)ခုကောက်ယူခဲ့ရာတွင် (၂)ခုမှာ နိုင်ငံခြားသားပိုင်လုပ်ငန်းများဖြစ်ကြပြီး ကျန်လုပ်ငန်းများမှာ မြန်မာနိုင်ငံသားပိုင်များဖြစ်ကြပါသည်။

MIC နှင့် JICA တို့၏ လေ့လာမှုစီမံချက်ကို MMRD က ဆောင်ရွက်ပြုစုသည်။

ပုံ(၂၂) ကလ္ကာအလိုက်လုပ်ငန်းများပါဝင်မှု%



ဇယားမြစ်-မွန္ကလေးေဒသ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများစစ်တမ်း

မွန္ကလေးတိုင်းေဒသကြီးတွင် မှတ်ပုံတင်ထားသည့်လုပ်ငန်းများ၏ ၈၆%မှာ အေယ်စားနှင့်အလတ်စား လုပ်ငန်းများဖြစ်ပြီး ၁၆%သာလျင် အကြီးစားလုပ်ငန်းများဖြစ်ကြပါသည်။ ဖြေကြားခဲ့သည့်လုပ်ငန်းများ၏ ၇၅%မှာ လုပ်သားဦးရေ ၉၉အတိသာရှိသဖြင့် အေယ်စားနှင့်အလတ်စား လုပ်ငန်းများဖြစ်ကြပါသည်။ ထိုအထဲမှာ၂၅% သောလုပ်ငန်းများသာလျင် လုပ်သားဦးရေ ၁၀၀အထိလုပ်ကိုင်ကြသဖြင့် အကြီးစားလုပ်ငန်းများ ဖြစ်ကြပါသည်။ ၄င်းလုပ်ငန်းများမှာ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ အစားအစာပြုပြင်ထုတ်လုပ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေး ကုမ္ပဏီများပါဝင်ပါသည်။

ပုံ(၂၃) လုပ်ငန်းများ၏အရွယ်အစား



ဇယားမြစ်- မွန္ကလေးေဒသ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများစစ်တမ်း

MIC နှင့် JICA တို့၏ လေ့လာမှုစီမံချက်ကို MMRD က ဆောင်ရွက်ပြုစုသည်။

လုပ်ငန်းအများစုမှာ ကုန်ချော(၆၃%) ထုတ်လုပ်ပြီး ဝန်ဆောင်မှုပေးခြင်းမှာ (၂၇%) ရှိပေသည်။ အထောက်အကူပြုအစိတ်အပိုင်းနှင့် အရာဝတ္ထုများထုတ်လုပ်မှုတွင် စိုက်ပျိုးရေးဆိုင်ရာစက်ပစ္စည်းများ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာများနှင့် ထောက်ပံ့ပို့ဆောင်ရေး ဆိုင်ရာများဖြစ်ကြပါသည်။

ပုံ (၂၄)လုပ်ငန်းဆောင်ရွက်မှုအခြေအနေ



ဇယားမြစ်- မွန္တလေးေဒသ၏ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများစစ်တမ်း

၂.၁ လုပ်ငန်းများဖွဲ့စည်းတည်ဆောက်ခြင်း

မွန္တလေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏အလယ်ပိုင်းတွင်တည်ရှိပါသည်။ ထို့ကြောင့် လုပ်ငန်းများ၏ (၄၁%)မှာ နေရာအနေအထား ကြောင့်မွန္တလေးကိုရွေးချယ်ခြင်း ဖြစ်ပါသည်။ စားသောက်ကုန်ပြုပြင်ထုတ်လုပ်ရေး လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် ကုန်ကြမ်း ရရှိနိုင်မှုအခွင့်အလမ်းများရှိခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများအတွက် အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်း ဟူသောအချက်များသည် မွန္တလေးတွင်လုပ်ငန်းများ စတင်ဆောင်ရွက်ရသည့် အဓိကအချက်(၂)ချက် ဖြစ်ပါသည်။

ပုံ(၂၅) မွန္ကလေးတွင်လုပ်ငန်းများ စတင်ရသည့်အကြောင်းအရင်းကို ပြဆိုခြင်း



ဇယားမြှင့်- မွန္ကလေးဒေသ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဆိုင်ရာစစ်တမ်း

လုပ်ငန်းရှင်အများစုအတွက် အခြေခံအဆောက်အဦးဆိုင်ရာ အားနည်းချက်ကို အဓိကအတားအဆီးတစ်ခုအဖြစ် စဉ်းစားကြပါသည်။ အခြေခံအဆောက်အဦးဆိုင်ရာ အတားအဆီးများတွင် မြေသည်ရင်းနှီးမြှုပ်နှံသူများအတွက် အဓိကအတားအဆီးဖြစ်ပေသည်။ မြေကွက်လပ် ကျယ်ကျယ်ရရှိရန် ခက်ခဲလှပါသည်။ ဥပမာ- နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သည့် မြေအကျယ်အဝန်းမှာဇယား(၂၀)မှ ဇယား(၅၀)အထိ ရှိပါသည်။ သို့သော် မွန္ကလေးစက်မှုဇုန်ဇရိယာအတွင်း အကျယ်ဆုံးရရှိနိုင်သည့် မြေအနေအထားမှာ (၇)ဧကမှ (၈)ဧကသာရှိပါသည်။ ထိုမျှသာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အနေဖြင့် မြေဌားရမ်းရာတွင် အနည်းဆုံး(၁၅)နှစ်မှ အများဆုံးနှစ်(၃၀)အထိ ဌားရမ်းလိုကြပါသည်။ သို့ရာတွင် မွန္ကလေးစက်မှုဇုန်အတွင်းရှိ မြေကွက်များမှာ ၁၉၉၅ခုနှစ်မှစ၍ မြို့တော်စည်ပင်ကထုတ်ပေးသည့် အနှစ်(၃၀)ဂရမ်များသာဖြစ်ပါသည်။ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအတွက် ထိုမြေကွက်များ၏ တရားဥပဒေအရခွင့်ပြုကာလမှာ (၁၀)နှစ်မျှ ကျော်လွန် နေခဲ့ပြီ ဖြစ်ပါသည်။

အခြေခံအဆောက်အဦးဆိုင်ရာ များစွာသောအတားအဆီးများမဟုတ်ဘဲ အခြားအတားအဆီးများလည်းရှိနေရာ တရားဝင်ခွင့်ပြုချက်များ ရရှိရေးအတွက် အချိန်ကြာမြင့်ခြင်း၊ မြေအသုံးပြုခွင့်နှင့် လျှပ်စစ်ဓါတ်အား ခွင့်ပြုချက်များဖြစ်ကြပါသည်။ အငယ်စားနှင့်အလတ်စားလုပ်ငန်းများ အတွက်ငွေကြေးဆိုင်ရာ အခက်အခဲများ ရင်ဆိုင်နေကြရပြီး ဘဏ်များထံမှချေးငွေရရှိရေး၊ အစိုးရ၏အထောက်အပံ့ရရှိရေး တွင်ကန့်သတ်ချက်များရှိ နေပါသည်။

ပုံ(၂၆) လုပ်ငန်းတစ်ခုစတင်ရန်အတွက် အဓိကအတားအဆီးများကိုပြဆိုခြင်း



ဇယားမြစ်- မွန္လေးဒေသ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဆိုင်ရာစစ်တမ်း

အဆိုပါစစ်တမ်း၏ မွန္လေးတိုင်းဒေသကြီးတွင် လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲများကို အဆင့်သတ်မှတ်ရာတွင် စကေး(၁) မှာအလွန်ညံ့၊ စကေး(၂)မှာညံ့၊ စကေး(၃) မှာသင့်တင့်မျှတနှင့် စကေး(၄) မှာအကောင်းဆုံး ဖြစ်ကြပါသည်။ လုပ်ငန်းအများစုအနေဖြင့် သင့်တင့်မျှတမှုရှိသည်ဟုသာ ဖြေကြားကြပါသည်။ သို့သော် မွန္လေးဒေသတွင် လုပ်ငန်းထူထောင်ရန်အတွက် အစိုးရထံမှ အထောက်အပံ့ (သို့) အားပေးအားမြှောက်ပြမှု မရှိကြောင်းဖြေကြားကြပါသည်။ ထိုမျှသာမက ဇုန်အတွင်းရှိလုပ်ငန်းများ၏ ပန်ဆောင်မှုများ တိုးတက်လာရန်အတွက်နှင့် လုပ်ငန်းများလွယ်ကူချောမွေ့စွာ ထူထောင်နိုင်ရန်အတွက် One Stop Service (OSS) ကဲ့သို့သော ပန်ဆောင်မှုလုပ်ငန်းများ ထူထောင်ပေးရန် လိုအပ်ပါသည်။

ပုံ(၂၇) လုပ်ငန်းများထူထောင်ခြင်း



ဇယားမြစ်-မွန္လေးဒေသ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဆိုင်ရာစစ်တမ်း

၂.၂ လုပ်ငန်းများလည်ပတ်လုပ်ကိုင်ခြင်း

လုပ်ငန်းများ၏ ပြိုမူဆောင်ရွက်ပုံကို နားလည်စေရန်အတွက် ဖြေကြားသူများအား ဝင်ငွေဆိုင်ရာများ၊ အမြတ်အစွန်းရနိုင်မှုများ၊ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ၄င်းတို့၏လုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများ၏ ထုတ်လုပ်နိုင်စွမ်းအားတို့ကို မေးမြန်းခဲ့ကြပါသည်။ ဖြေကြားသူများ၏ (၅၆%)တို့အနေဖြင့် ၂၀၁၄ခုနှစ်သည် ၂၀၁၃ခုနှစ် နှင့်နှိုင်းယှဉ်ပါက အထွေထွေရောင်းအားတိုးတက် သည်ဟုမြင်ကြောင်း ဖြေကြားကြပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးကုမ္ပဏီများက ၄င်းတို့၏အထွေထွေ ရောင်းအား တိုးတက်ကြောင်းဖြေကြားသကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းများ၊ SMEsနှင့် ထုတ်လုပ်မှုလုပ်ငန်း အချို့တို့ကလည်း ရောင်းအားတိုးတက်လာ ကြောင်းဖြေကြားကြပါသည်။ မည်သို့ပင်ရှိစေ စားသောက်ရေးဆိုင်ရာ ပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းအချို့နှင့် ကုန်ထုတ်လုပ်ငန်းအချို့မှာ ရောင်းအားကျဆင်းမှုနှင့် ရင်ဆိုင်နေရကြောင်း ဖြေကြားကြပါသည်။

၂၀၁၃ခုနှစ်နှင့် နှိုင်းယှဉ်ပါက (၄၁%)သောလုပ်ငန်းများမှာ အမြတ်များတိုးလာသော်လည်း (၃၆%)သောလုပ်ငန်းများမှာ အမြတ်ကျဆင်း နေကြောင်းတွေ့ရပါသည်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း နှင့်အချို့သော ကုန်ထုတ်လုပ်ငန်းများအနေဖြင့် ၄င်းတို့၏အမြတ်အစွန်းများ တိုးတက်လာ ကြောင်းနှင့် ထိုသို့ဖြစ်ရသည်မှာ မြန်မာနိုင်ငံကို စိတ်၀င်စားမှုတိုးတက်လာခြင်းနှင့် စားသုံးသူဈေးကွက် ကျယ်ပြန့်လာခြင်း တို့ကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။ သို့ရာတွင် အစားအသောက်ဆိုင်ရာပြုပြင် ထုတ်လုပ်သည့်လုပ်ငန်း(၁၁)ခု ရှိသည့်အနက်(၆)ခုတို့က ၄င်းတို့၏အမြတ်များမှာ ၂၀၁၃ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၄ခုနှစ်တွင်ကျဆင်းခဲ့ကြောင်းဖြေကြားကြပါသည်။

အမြတ်အစွန်းကျဆင်းလာရမှု၏ အကြောင်းရင်းမှာကုန်ကြမ်းဈေးနှုန်းများတိုးတက်လာခြင်းနှင့် ၂၀၁၄ခုနှစ်တွင် ထုတ်လုပ်မှု ကုန်ကျစရိတ်များ (၉၀%)တိုးတက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ကုန်ထုတ်လုပ်ငန်းများ အကြားတွင် တိုးတက်ခဲ့ပါသည်။ ဈေးကွက်တွင် အဆင့်မြင့်စွာယှဉ်ပြိုင်နိုင်ရန်အတွက် ကုန်ထုတ်စွမ်းအားမှာ အရေးကြီးလှပါသည်။ အလုပ်သမားများ၏ ကုန်ထုတ်လုပ်နိုင်စွမ်းအားကို ၂၀၁၃ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၄ခုနှစ်တွင် လုပ်ငန်းများ၏(၄၉%) မှာတိုးတက်လာခဲ့သော်လည်း (၄၁%)မှာယခင် အတိုင်းမပြောင်းလဲဘဲ ရှိနေခဲ့ပါသည်။ သို့ရာတွင်(၁၀%)သောလုပ်ငန်းများမှာ ကျွမ်းကျင်သောလုပ်သားများကို အသုံးပြုနေရမှုနှင့် ကျွမ်းကျင်လုပ်သားများ ရွှေ့ပြောင်းမှုတို့ကြောင့် လုပ်သားများ၏ ကုန်ထုတ်လုပ်နိုင်စွမ်းအား ကျဆင်းခဲ့ကြောင်းတွေ့ရှိရပါသည်။

ပုံ(၂၈) လုပ်ငန်းများလည်ပတ်လုပ်ကိုင်ခြင်း



ဇယားမြှော်-မွန္တလေးဒေသ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဆိုင်ရာစစ်တမ်း

၂.၂.၁ မေခရိုစီးပွားရေးအပေါ် ခြိုင့်သုံးသပ်ခြင်းနှင့်ကျင့်သုံးရန် အပ်နှင်းထားသည့် အခွင့်အာဏာမူဘောင်

မေခရိုစီးပွားရေးဆိုင်ရာ အချက်အလက်များသည် အားလုံးသောစီးပွားရေးလုပ်ငန်းများ၏ လည်ပတ်မှုဖွံ့ဖြိုးမှုဆိုင်ရာ အဆုံးအဖြတ်များ ပြုလုပ်ရာတွင် အရေးကြီးလှပါသည်။ ဖြေကြားချက်များအရ မေခရိုစီးပွားရေးဆိုင်ရာ အကြောင်းအချက်များဖြစ်သည့် ကောင်းမွန်သောအုပ်ချုပ်မှု (ရာဇဝတ်မှု၊ ခိုးမှု၊ အစီအစဉ်မကျမှု) တွင်အတန်အသင့်သာကောင်းမွန်ပြီး၊ အဆိုပါအချက်များသည် မေခရိုစီးပွားရေးတည်ငြိမ်မှု အတွက်မကောင်းသော အချက်များအဖြစ်သုံးသပ်ကြပါသည်။ လွန်ခဲ့သောနှစ်များနှင့် နှိုင်းယှဉ်ပါက မွန္တလေးဒေသခံများအနေဖြင့် လုယက်မှု၊ ခိုးမှု ကဲ့သို့သောရာဇဝတ်မှုများကို ပိုမိုချင့်ဆိုင်လာကြရသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် လူတိုင်းပါဝင်ခြင်း မရှိသကဲ့သို့ ဖြစ်နေပေသည်။ ဒေသခံများ၏ ပြောကြားမှုအရဆိုပါက ထိုကဲ့သို့သောရာဇဝတ်မှုများ လျော့နည်းလာစေရန်နှင့် ပြည်သူများ၏ဘဝ ပိုမိုလုံခြုံလာစေရန် အတွက်ရဲတပ်ဖွဲ့၏ဆောင်ရွက်မှုကိုပိုမိုတင်းကြပ်စေရန်နှင့် အစိုးရ၏ပြစ်ဒဏ်ပေးမှုများတွင် တိကျစွာဆောင်ရွက်ရန်လိုကြောင်း သိရှိရပါသည်။

မေခရိုစီးပွားရေး တည်ငြိမ်မှုမှာ အလွန်အားနည်းလျက်ရှိပါသည်။ ငွေကြေးဖောင်းပွမှုနှင့် ငွေလဲလှယ်နှုန်းများ မတည်ငြိမ်ခြင်းသည် လုပ်ငန်းရှင်များနှင့် နောက်ဆုံးစားသုံးသူများအတွက် ဝန်ထုတ်ဝန်ပိုးဖြစ်စေသည့် ကုန်ကြမ်းဈေးနှုန်းမြင့်တက်မှု ကိုဖြစ်စေပါသည်။

ပုံ(၂၉) မိုက်ခရိုစီးပွားရေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှု



ဇယားမြစ်-မွန္တလေးဒေသ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဆိုင်ရာစစ်တမ်း

လုပ်ငန်းများတည်ဆောက်မှုကို နှိုင်းယှဉ်လေ့လာရာတွင်လုပ်ငန်းများစွာအတွက် လုပ်ငန်းလိုင်စင်နှင့် ခွင့်ပြုချက်ရရန်ယခင်ထက်ပိုပြီး လွယ်ကူလာပါသည်။ သို့သော်မြေအသုံးချမှု ခွင့်ပြုချက်ကို အထူးသဖြင့်လုပ်ငန်းရှင်၏ အမည်ပေါက်ရရန်အချိန်များစွာကြာပေသည်။

ဂျင်ငွေခွန်ကောက်ခံမှုမှာ တစ်နှစ်ထက်တစ်နှစ် တဖြည်းဖြည်းနှင့်မြင့်တက်လာခဲ့သည်။ လုပ်ငန်းရှင်များစွာအနေဖြင့် ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ညှဉ်ဖျင်းသော ဂန်ဆောင်မှုအတွက် အတားအဆီးသဖွယ်ကြုံတွေ့နေကြရပေသည်။ ဤတွင်ရှုပ်ထွေးသော အခွန်ကောက်ခံမှုစနစ်နှင့် ထင်သာမြင်သာမရှိမှုတို့ပါဂင်သည်။ ဂင်ငွေခွန်များကို တစ်နှစ်ထက်တစ်နှစ်တိုးမြှင့်ကောက်ခံခြင်းသည် အခွန်ရှောင်တိမ်းမှုများ တိုးတက်စေသည့် အချက်တစ်ရပ်ဖြစ်သည်။

ပုံ(၃၈) လုပ်ငန်းများလိုက်နာဆောင်ရွက်ရန် စည်းမျဉ်းစည်းကမ်းဆိုင်ရာမူဘောင်



ဇယားမြစ်-မွန္လေးေဒသ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဆိုင်ရာစစ်တမ်း

၂.၂.၂ အခြေခံအဆောက်အဦးလိုအပ်ချက်

အခြေခံအဆောက်အဦးသည် လုပ်ငန်းများဆိုင်ရာ ပတ်ဝန်းကျင်ကို ကြီးမားစွာသက်ရောက်စေပါသည်။ ၄င်းသည် ပြိုင်ဆိုင်မှုမြင့်မား သည့်စီးပွားရေးဖွံ့ဖြိုးလာရန် ဖြည့်စွမ်းပေးသည့် အခြေခံအကြောင်းရင်းတစ်ရပ်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူတိုင်း အနေဖြင့်လုပ်ငန်းများ မတည်ထောင် မီအခြေခံအဆောက်အဦးလိုအပ်ချက်များဖြစ်သော လျှပ်စစ်၊ တယ်လီဖုန်းဆက်သွယ်ရေး၊ ရေရနိုင်မှုနှင့်သယ်ယူပို့ဆောင်မှု အခြေအနေများကို စစ်ဆေးလေ့ရှိကြသည်။ တယ်လီဖုန်းဆက်သွယ်ရေး လုပ်ငန်းကိုစတင်ဆောင်ရွက်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်(၂)ဦး အနေဖြင့် ကွန်ပျူတာဆက်သွယ် မှုကွန်ယက်ကောင်းမွန်မှုနှင့် ဝန်ဆောင်မှုအထောက်အပံ့ ကောင်းမွန်မှုတို့တွင် ပို၍အပြိုင်အဆိုင်ဖြစ်လာကြပေသည်။ ထို့ကြောင့် တယ်လီဖုန်း ဆက်သွယ်ရေးမှာ လွန်ခဲ့သောနှစ်များနှင့် နှိုင်းယှဉ်ပါက တိုးတက်လာခဲ့ပေသည်။ မွန္လေး၏ အခြေခံအဆောက်အဦးတွင် တယ်လီဖုန်း ဆက်သွယ်ရေးကို အမြင့်ဆုံးအဖြစ်အဆင့်သတ်မှတ်ကြပါသည်။ ဖြေကြားသူများ၏ ပြောဆိုချက်အရ တယ်လီဖုန်းဆက်သွယ်ရေးများ ပိုမိုကောင်းမွန် လာသော်လည်း အင်တာနက်ဆက်သွယ်ရေးမှာ ညံ့ဖျင်းဆဲဖြစ်ကြောင်းသိရပေသည်။

လွန်ခဲ့သောနှစ်များနှင့် နှိုင်းစာပါက လျှပ်စစ်ဓါတ်အားရရှိမှု ပိုမိုကောင်းမွန်လာသော်လည်း ဗို့အားကျဆင်းမှုသည် စားသောက်ရေးဆိုင်ရာ ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများအတွက် အတားအဆီးတစ်ရပ်ဖြစ်နေပါသည်။ လုပ်ငန်းအများစုအနေဖြင့် စက်ရုံသုံးရေ ရရှိရန် စက်ရေတွင်း(အဂိစိတွင်း) များတူးဖေါ်သုံးစွဲကြရပါသည်။ ဓါတ်ငွေ့နှင့်လောင်စာမှာ ဈေးကွက်အတွင်းလွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။

သို့ရာတွင် လုပ်ငန်းရှင်များအနေဖြင့် လမ်းများမကောင်းခြင်း၊ အထောက်အကူကိရိယာများ မပြည့်စုံခြင်းတို့ကြောင့် ညံ့ဖျင်းသော သယ်ယူပို့ဆောင်မှုကို တွေ့ကြုံနေရပါသည်။ အခြားအခြေခံအဆောက်အဦးများနှင့် နှိုင်းယှဉ်ပါက စက်မှုဇုန်နယ်မြေတွင်သိသာစွာ တိုးတက်ခြင်းမရှိ သည်ကိုတွေ့ရပေသည်။ မြေဈေးများနှင့်

ရုံးခန်းဌားရမ်းခစျေးနှုန်းများမှာ အစိုးရပိုင်းဇယားသင့်တော်သော မူဂါဒများချမှတ်၍ ကိုင်တွယ်ထိန်းချုပ်မှု မရှိခြင်း၊ စျေးကစားခြင်းများကြောင့်ကြီးမြင့်လျက်ရှိပါသည်။

ပုံ(၃၁) မန္တလေးတိုင်းဒေသကြီး၏ အခြေခံအဆောက်အဦးပြည့်စုံမှုကို အဆင့်သတ်မှတ်ခြင်း



ဇယားမြစ်- မန္တလေးဒေသ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဆိုင်ရာစစ်တမ်း

၂.၂.၃ အလုပ်သမားများ၏အရည်အသွေး

ရန်ကုန်နှင့်နှိုင်းယှဉ်ပါက အလုပ်ရှင်အလုပ်သမားဆက်ဆံရေးဆိုင်ရာ ပြဿနာကြီးကြီးများမရှိချေ။ အလုပ်ရှင်များသည် အလယ်အလတ်အဆင့် စီမံခန့်ခွဲမှုနှင့် အလုပ်သမားများ၏ ကျွမ်းကျင်မှုအဆင့်အပေါ်တွင် ကျေနပ်နေကြပေသည်။ အင်ဂျင်နီယာများ၏ အရည်အသွေး ကိုကောင်းမွန်သည်ဟု ယူဆကြပြီး၊ သူတို့၏အလုပ်သမားများကို ထိန်းထားနိုင်ရန်အတွက် လစာအပြိုင်ပေးမှုများပင်ရှိပေသည်။ အချို့သောလုပ်ငန်းများအနေဖြင့် အောက်ခြေအဆင့်ဝန်ထမ်းများကို လုပ်ငန်းလည်ပတ်မှုကိုစိမံကြီးကြပ်နိုင်သည့်အဆင့်ရောက်အောင် သင်တန်းများပေးကြပါသည်။ မကျွမ်းကျင်သည့်လုပ်သားများ၏ အရေအတွက်မှာပေါများလှပေသည်။ သို့အတွက်လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ဝန်ထမ်းများအား အတော်အသင့်ကျွမ်းကျင်သူများ(သို့) ကျွမ်းကျင်သူများ အဆင့်ရောက်စေရန် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ပါသည်။

အလုပ်သမားများ၏ကျွမ်းကျင်မှု ပိုမိုကောင်းမွန်ပါက အနာဂါတ်ကာလတွင် အကျိုးအမြတ်များရရှိ၍၊ ကုန်ထုတ်စွမ်းအားလည်း မြင့်မားတိုးတက်လာမည်သာဖြစ်သည်။ သို့ဖြစ်၍ အသက်မွေးမှုပညာသင်ကျောင်းများဖွင့်လှစ်၍ အကဲဖြတ်ပေးရန် အရေးကြီးလှပါသည်။ အစိုးရအဖွဲ့အစည်း တစ်ခုဖြစ်သည့် အမျိုးသားအဆင့်ကျွမ်းကျင်မှု အဆင့်အတန်းစံသတ်မှတ်မှု အာဏာပိုင်အဖွဲ့ကို အလုပ်အမျိုးအစား(၆)မျိုး အတွက်

အရည်အချင်းစံသတ်မှတ်ရန်နှင့် ကျွမ်းကျင်မှုအပေါ် အကဲဖြတ်ရန် လည်းကောင်း၊ မြန်မာလုပ်သားထု ဖွံ့ဖြိုးလာစေရန်လည်းကောင်း တည်ထောင်ခဲ့ပြီး ရေ့ပြေးသင်တန်းတစ်ရက်ကို ၂၀၁၄ ခုနှစ်တွင်ဖွင့်လှစ်ခဲ့ပေသည်။ ထို့နောက် NSSA သည်အကဲဖြတ်စစ်ဆေးချက် အောင်မြင်သည့် ပုဂ္ဂိုလ်(၁၃၃)ဦးအား အသိအမှတ်ပြုတ်လက်မှတ်များ ထုတ်ပေးခဲ့ပါသည်။ NSSA အသိအမှတ်ပြုခြင်းသည် အလုပ်ရှင်နှင့် အလုပ်သမား (၂)ဘက်လုံးအတွက် အကျိုးရှိစေပါသည်။

အလုပ်သမားဆိုင်ရာ ဆန္ဒထုတ်ဖော်မှုများ မရှိသော်လည်း လုပ်ငန်းများအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ ထိုင်း၊ မလေးရှား နိုင်ငံများသို့ လစာကောင်းရသဖြင့် ကျွမ်းကျင်လုပ်သား ပြောင်းရွှေ့သည်များကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။

ပုံ(၃၂) မွန္အလေးတိုင်းဒေသကြီးအတွင်းရှိ လုပ်သားများ၏ကျွမ်းကျင်မှု အရည်အသွေးအပေါ် အဆင့်သတ်မှတ်ခြင်း



ဇယားမြစ်- မွန္အလေးဒေသ၏ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဆိုင်ရာစစ်တမ်း

၂.၂.၄ မွန္အလေး၏လုပ်ငန်းဆိုင်ရာကုန်ကျစရိတ်

အတော်အသင့်ကျွမ်းကျင်မှုရှိသည့် အလုပ်သမားတစ်ဦး၏ ပျမ်းမျှလစာမှာ ကျပ်(၁၃၀,၀၀၀)ဖြစ်ပြီး၊ ရုံးဆိုင်ရာ ဝန်ထမ်းတစ်ဦး၏ ပျမ်းမျှ လစာမှာ ၁၈၀,၀၀၀ ဖြစ်ပေသည်။ သို့ပါ၍ ရန်ကုန်တွင်ပေးသည့်လစာနှင့် ယှဉ်ပြိုင်နိုင်သည်သာမက အမျိုးသားအဆင့်လစာထက်ပင် ပိုများနေပေသည်။ မွန္အလေးရှိလုပ်ငန်း ပိုင်ရှင်များအနေဖြင့် အမျိုးသားအဆင့်အနိမ့်ဆုံး လုပ်ခလစာဥပဒေကိုလည်း သိရှိကြပါသည်။ အကယ်၍ သင့်တော်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အစီအစဉ်များ၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းနှင့် အဆင့်အကဲဖြတ်ချက်များ ဆောင်ရွက်လာနိုင် ပါက ကုန်ထုတ်စွမ်းအား တိုးတက်လာမည်ဖြစ်ကာ လုပ်ခလစာများလည်း ဆက်လက်၍မြင့်တက်လာမည်ဖြစ်သည်။

MIC နှင့် JICA တို့၏ လေ့လာမှုစီမံချက်ကို MMRD က ဆောင်ရွက်ပြုစုသည်။

ဇယား(၁၁) မွန္တလေးရွိအလုပ္သမားမ်ား၏ ပျမ်ွမ္းမွ်လစာ

အကြောင်းအရာ	တုန့်ပြန်ဖြေကြားသူ	အနိမ့်ဆုံးလုပ်ခ (ကျပ်)	အများဆုံးလုပ်ခ (ကျပ်)
တစ်ဂက်တစ်ပျက်ကျွမ်းကျင်လုပ်သား	၃၃	၁၀၈,၉၃၉	၁၆၅,၁၅၂
ရုံးပိုင်းဆိုင်ရာဝန်ထမ်း	၂၃	၁၃၉,၁၃၀	၂၂၁,၇၃၉
ကြီးကြပ်သူ	၂၂	၁၇၇,၅၀၀	၂၅၈,၆၃၆
အလယ်အလတ်အဆင့် စီမံခန့်ခွဲသူ	၂၅	၃၂၄,၀၀၀	၄၄၁,၂၀၀
အင်ဂျင်နီယာ	၁၀	၆၁၂,၀၀၀	၁,၃၂၇,၀၀၀

ဇာစ်မြစ်- မွန္တလေးဒေသ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဆိုင်ရာစစ်တမ်း

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA) မန္တလေးသည် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများအကြား စေ့စပ်ညှိနှိုင်းရေးမှူး တစ်ဦးသဖွယ် ဆောင်ရွက်ပါသည်။ လုပ်ငန်းအဖွဲ့အစည်းများကို ထောက်ပံ့ကူညီရန်နှင့် အစိုးရနှင့် ပါဂင်ဆောင်ရွက်ကြသူများအကြား အဖွဲ့အစည်းများကို ထောက်ပံ့ကူညီခြင်းအားဖြင့် ပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် အလေးထားဆောင်ရွက်ပါသည်။ သို့ဖြစ်၍ လုပ်ငန်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောက်ရွက်ခြင်း ဆိုသည်မှာ မတူကွဲပြားသည့်ပါဂင်ဆောင်ရွက်သူများအကြား ယုံကြည်မှုနှင့် နားလည်မှုကို တည်ဆောက်ပေးခြင်း ဖြစ်သည်။ အဖွဲ့အစည်းများထဲမှရရှိ သည့်တုန့်ပြန်ချက်များအရ DICA မန္တလေးသည်အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများအား ပို၍ကောင်းမွန်သော ၎န်ဆောင်မှုများပေးနိုင်သည် ဟုသိရပေသည်။

- **မူဝါဒများနှင့် မဟာဗျူဟာများရေးဆွဲချမှတ်ခြင်း**

မြောက်များလှစွာသော သက်ဆိုင်သူအကျိုးရှင်များ၏ လိုအပ်ချက်နှင့်လိုလားမှုများကို သိရှိနားလည်ပြီး မန္တလေး DICA သည် ဒေသတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် လျော်ကန်သင့်မြတ်သည့် မူဝါဒများကိုစတင်ဆောင်ရွက်နိုင်ပါသည်။ မဟာဗျူဟာမြောက် တွေးခေါ်ခြင်း၊ လုပ်ငန်း သတ်မှတ်ချက်များ လိုအပ်ပါသည်။ ထို့ကြောင့် ဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ပူးပေါင်း ဆောင်ရွက်မှုမှာ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးလာစေရန်အတွက် အဓိကကျပါသည်။

- **စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်း**

ဌာနသည် သတင်းအချက်အလက်ကိုစုစည်း၍ လေ့လာစောင့်ကြည့်သင့်ပါသည်။ ၎င်းပြင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် အလားအလာရှိသော လုပ်ငန်းများနှင့် ဆက်စပ်သော ကိန်းဂဏန်းများကို ဆန်းစစ်သင့်ပါသည်။ ယင်းကဲ့သို့သော ကိန်းဂဏန်းများရရှိခြင်းဖြင့် မန္တလေး DICA သည်အလား အလာကောင်းမွန်သော ရင်းနှီးမြှုပ်နှံသူများထံသို့ အကဲဖြတ်ချက်များနှင့် ထောက်ခံချက်များပံ့ပိုးပေးနိုင်ပါသည်။

(၂) နည်းပညာဆိုင်ရာစွမ်းဆောင်ရည်တည်ဆောက်ခြင်း

လုပ်ငန်းဆောင်ရွက်မှုစွမ်းဆောင်ရည်များအပြင် နည်းပညာဆိုင်ရာစွမ်းဆောင်ရည်များမှာ ၎န်ထမ်းများ၏ ကျွမ်းကျင်မှုကို တိုးတက် ကောင်းမွန်လာစေရန် အရေးကြီးပါသည်။ ယင်းစွမ်းဆောင်ရည်များကို ပိုမိုပုံစံကျသော

ညွှန်ကြားချက်၊ လေ့လာမှုနှင့် လက်တွေ့သင်တန်းများမှ တဆင့်ရရှိနိုင်ပါသည်။ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်တည်ဆောက်မှုမှာ မန္တလေး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၏ နည်းပညာပိုင်းဆိုင်ရာ တက်ကျွမ်းမှု တည်ဆောက်ခြင်းအပေါ် အဓိကအာရုံစိုက်ပါသည်။

- **ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA) ဝန်ထမ်းများအား နည်းပညာဆိုင်ရာ သင်တန်းများပေးခြင်း**

မန္တလေး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA) ဝန်ထမ်းများ၏ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများမြှင့်တင်ပေးခြင်းမှာ ရင်းနှီးမြှုပ်နှံသူများအား ပိုမိုထူးခြား ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပံ့ပိုးပေးရန် အတွက် အထူးအရေးကြီးပါသည်။ သို့ဖြစ်ပါ၍ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များမြှင့် တင်ရန်ဖန်တီးထားသည့် သင်ရိုးညွှန်းတမ်းဖြစ်ပေါ်လာစေရန်အတွက် ဌာနနှင့် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ အကြားပူးပေါင်းဆောင်ရွက်မှု ရှိရန်လိုအပ်ပါသည်။ ဌာနတွင်းသင်တန်းကို လွယ်ကူစွာလုပ်ဆောင်ပေးနိုင်သော်လည်း နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အစိုးရ-ပုဂ္ဂလိက မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုက အထူးနည်းပညာဆိုင်ရာကျွမ်းကျင်မှုသင်တန်းများ ပံ့ပိုးပေးရေး အတွက် ဖြစ်စေပါသည်။

၆။ မန္တလေးရင်းနှီးမြှုပ်နှံမှု ပြပွဲဆိုင်ရာသက်ဆိုင်သူအကျိုးရှင်များ၏ အစည်းအဝေးမှ ပြန်လည် တင်ပြချက်များ

ကျင်းပမည့် မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲအတွက် သက်ဆိုင်သူအကျိုးရှင်များ၏ အစည်းအဝေးကို ၂၀၁၅ခုနှစ် ဩဂုတ်လ ၂၈ရက်နေ့၌ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ သင်တန်းခန်းမတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသူ စုစုပေါင်း(၇၂)ဦးရှိပြီး မန္တလေးတိုင်းဒေသကြီးစီးပွားရေးနှင့် စီမံကိန်းဝန်ကြီးဦးအောင်ဇံနှင့် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူးဦးအောင်နိုင်ဦးတို့လည်းပါဝင်ပါသည်။

ဇယား(၁၅) သက်ဆိုင်သူအကျိုးရှင်များ၏အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသူများ

စဉ်	တက်ရောက်ဆွေးနွေးသူများ	အရေအတွက်
၁	အစိုးရပြာနဆိုင်ရာ အရာရှိများ	၁၈
၂	စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များ	၁၈
၃	စီးပွားရေးလုပ်ငန်းပိုင်ရှင်များ	၂၀
၄	JICA နှင့် MMRD	၆
၅	သတင်း Media	၁၀
	စုစုပေါင်း	၇၂

ပုံ(၄၄) ကျင်းပမည့် မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲအတွက် သက်ဆိုင်သူအကျိုးရှင်များ၏အစည်းအဝေး

ဓါတ်ပုံ- မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးအောင်ဇံ

ဇာစ်မြစ်- မြန်မာ့ဈေးကွက်သုတေသနနှင့်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက် (MMRD)

မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးပန်းတိုင်းဦးဆောင်ဖွဲ့၏ အဖွင့်မိန့်ခွန်းပါ မှတ်ချက်အကျဉ်း

မန္တလေး၏ သက်ဆိုင်သူအကျိုးရှင်များ၏ အစည်းအဝေးမှာ မန္တလေးရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းစစ်တမ်းကိုဖော်ပြရန် ကျင်းပရခြင်း ဖြစ်သည်။ ယင်းစစ်တမ်းမှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးပြီး မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲကို ပံ့ပိုးပေးရန် ၂၀၁၅ခုနှစ် ဇူလိုင်လ နှင့် သြဂုတ်လအတွင်းကောက်ယူခဲ့ပါသည်။ မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲကျင်းပခြင်းဖြင့် မန္တလေးတိုင်းဒေသကြီးမှာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ တိုးတက်ကောင်းမွန်လာစေပါသည်။ ၄င်းပြင် ဒေသတွင်းရှိ SMEs များအတွက် အပြည်ပြည်ဆိုင်ရာစျေးကွက်များသို့ ဝင်ရောက်နိုင်ရန် နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများနှင့် အဆက်အသွယ်ရရှိရေးအတွက် ပိုမိုသည့်အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးပါသည်။

မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦး၏ အကျဉ်းချုပ်မှတ်ချက်များ

ဦးအောင်နိုင်ဦးက မန္တလေးမြို့တွင်ကျင်းပသော ရင်းနှီးမြှုပ်နှံမှုပြပွဲ၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပါသည်။ ၄င်းတို့မှာ

(1) အမျိုးသားဘက်စုံဖွံ့ဖြိုးမှု စီမံကိန်း (၂၀၁၁-၂၀၃၁) တွင်သတ်မှတ်ထားသည့် မြန်မာနိုင်ငံ၏ဝင်ရိုးစွန်းနှစ်ဘက်ဖွံ့ဖြိုးမှု မဟာဗျူဟာ (ရန်ကုန် ဝင်ရိုးစွန်းနှင့် မန္တလေးဝင်ရိုးစွန်း) တွင်ဖော်ပြထားသော ဝင်ရိုးစွန်းတစ်ဘက်၏ အစိတ်အပိုင်းအဖြစ် မန္တလေးတိုင်းဒေသကြီး၏ အရေးပါမှု

(2) မန္တလေးတိုင်းဒေသကြီး၏ GDP ပါဝင်ပံ့ပိုးမှုမှာ မြန်မာနိုင်ငံတွင် အမြင့်မားဆုံးဖြစ်သော်လည်း ဒေသတွင်စွမ်းဆောင်ရည်ရှိပြီး များစွာတိုးတက်မှု မရှိပါ။ဥပမာအားဖြင့် အတည်ပြုထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအရ ရန်ကုန်တိုင်းဒေသကြီးမှာ FDI အရေအတွက် အမြင့်များဆုံးဖြစ်၍ ၄၈၃ ခုရှိပြီး မန္တလေးတိုင်းဒေသကြီးမှာ ၁၉ခုသာရှိပါသည်။ ထို့ကြောင့်အားလုံးသော ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို မန္တလေး စွမ်းဆောင်ရည် အပြည့်အဝဖော်ဆောင်နိုင်ရန်အတွက် ပံ့ပိုးပေးရပါမည်။

(3) အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းများ၏ လက်ရှိအခြေအနေက နှေးကွေးသော တိုးတက်မှုကိုပြသပါသည်။ ဒေသတွင်း SME များက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ဆက်သွယ်ရန် အထောက်အပံ့ပြုသည့် လုပ်ငန်းများအဖြစ် ဖွံ့ဖြိုးလာပါက နှစ်ဦးနှစ်ဘက်အတွက် နှစ်ဘက်အကျိုးရှိသည့် မဟာဗျူဟာ (Win-Win Strategy) ဖြစ်ပေါ်လာပါမည်။

(4) မန္တလေးမှာ ကူးသန်းရောင်းဝယ်ရေး ဗဟိုချက်ဖြစ်၍ ဆောင်ရွက်နိုင်သည့် အလားအလာများလည်းရှိပါသည်။ မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲမှာ အမှန်တကယ်ဖွံ့ဖြိုးမှုအဆင့်ကို ရောက်ရှိရန်အလားအလာကို ပံ့ပိုးပေးပါသည်။

(5) နိုင်ငံခြားသားများက မန္တလေးကို ခရီးသွားလုပ်ငန်းမြို့တော်အဖြစ်သိရှိကြပါသည်။ သို့သော် စီးပွားကူးသန်းရောင်းဝယ်ရေး (သို့မဟုတ်) ကုန်သွယ်ရေးမြို့တော် အဖြစ်မသိရှိကြပါ။ သို့ဖြစ်ပါ၍ ဤပြပွဲက အလားအလာရှိသော FDI များအတွက် မဖော်ထုတ်ရသေးသည့် အခွင့်အလမ်း များကို ပံ့ပိုးပေးနိုင်ပါသည်။

(6) ဤပြပွဲမှာ မန္တလေးရှိဒေသတွင်း လုပ်ငန်းများရင်ဆိုင်ကြုံတွေ့နေရသော နည်းပညာပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက်များကို ကျော်လွှားနိုင်ရန်ဖြစ်သည်။

MIC အဆိုအရ မန္တလေးတိုင်းဒေသကြီးတွင် အောက်ပါတို့မှာ အလားအလာရှိသော လုပ်ငန်းများဖြစ်သည်။

(1) အထည်အလိပ်လုပ်ငန်း
(2) စားသောက်ကုန်လုပ်ငန်း
(3) လျှပ်စစ်ပစ္စည်းများထုတ်လုပ်ရေးလုပ်ငန်း
(4) ခရီးသွားလုပ်ငန်း
(5) ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း (နယ်စပ်ကုန်သွယ်ရေး)
(6) အခြေခံအဆောက်အအုံ

မန္တလေးတိုင်းဒေသကြီး၏ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးအောင်သန်း၏အကျဉ်းချုပ်မှတ်ချက်များ

MRCCI က မန္တလေးတွင် ပထမဆုံးအကြိမ်ကျင်းပသော မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲကို ကြိုဆိုပါသည်။ MRCCI နှင့် ဆက်နွယ်သော အသင်းအဖွဲ့ ၂၇သင်းများကို မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲ အောင်မြင်ရေးအတွက် ဂိုင်းပန်းပံ့ပိုးရန်တိုက်တွန်းပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA) တွင် အကြံပေးပုဂ္ဂိုလ်အဖြစ်ဆောင်ရွက်သူ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ Mr.Toru Homma ၏ အကျဉ်းချုပ်မှတ်ချက်များ

မန္တလေးသက်ဆိုင်သူအကျိုးရှင်များ၏ အစည်းအဝေးမှာ မန္တလေးရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း စစ်တမ်းနှင့် ကျင်းပမည့် မန္တလေးရင်းနှီး မြှုပ်နှံမှုပြပွဲမှ စုစည်းရရှိသည့် အချက်အလက်များကို တင်ပြရန် အရေးကြီးသော ပထမခြေလှမ်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

မန္တလေးရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းစစ်တမ်း၏ တွေ့ရှိချက်များကို MMRD မှ သုတေသနမန်နေဂျာ ဦးအာကာစိုး ကတင်ပြခြင်း

မန္တလေးရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းစစ်တမ်း၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း အလားအလာများနှင့် မန္တလေးတိုင်းဒေသကြီး တွင်တိုးတက် ရန်လိုအပ်မှုများကို မဖော်ပြမီ ရည်ရွယ်ချက်များ၊ သုတေသနဆိုင်ရာ နည်းပညာနှင့်လုပ်ငန်းစဉ် တို့ကိုတင်ပြပြီးဖြစ်ပါသည်။

မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲစီမံချက်ကို MMRD မှ သုတေသနဒါရိုက်တာ ဦးအောင်မင်း ကတင်ပြခြင်း

ဆွေးနွေးပွဲများ၊ ပြခန်းခင်းကျင်းမှုများ၊ လုပ်ငန်းအလိုက် တွေ့ဆုံညှိနှိုင်းခြင်း၊ ကွင်းဆင်းလေ့လာခြင်း၊ ဧည့်သည်စာရင်း ခန့်မှန်းခြေနှင့် တက်ရောက်ဆွေးနွေးမည့်သူများ စသည့်ကဲ့သို့သော မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲ အစီအစဉ်များကို ဆွေးနွေးတင်ပြပါသည်။

ထပ်ဆင့်ဆွေးနွေးတင်ပြချက်များ

၁။ မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေအကျိုးဆောင်ဖွံ့ဖြိုးမှုအသင်းမှ ဦးတင်မောင်၏ ဆွေးနွေးတင်ပြချက်

အလားအလာရွိေနေသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကြောင့် မွန္လေးစက်မှုဇုန်ရှိမြေယာနှင့် အဆောက်အအုံပစ္စည်းဈေးနှုန်းများမှာ ကြီးမြင့်နေပါသည်။ မြေယာဥပဒေတွင် ဖော်ပြထားသည်မှာ "တစ်ဦးတစ်ယောက်သည် လယ်ယာမလုပ်ကိုင်သော်လည်း လယ်ယာစိုက်ပျိုးရေး အတွက် မြေယာကိုကြီးကြပ်သူဖြစ်လျှင် လယ်သမား/လယ်ယာ စိုက်ပျိုးသူဟုခေါ်တွင်ပါသည်။" ယင်းဥပဒေကြောင့် မွန္လေးတွင် လူအများက မြေယာဈေးနှုန်းများမြင့်တက်လာရန် ဈေးကစားကြပါသည်။ မြေဈေးတက်ရခြင်း၏ အကြောင်းရပ်တစ်ခုမှာ အစိုးရကြေညာသည့် မြေဈေးနှုန်း ကြောင့်ဖြစ်သည်။ သို့ဖြစ်ပါ၍ အစိုးရသည် အမှန်တကယ် လယ်ယာလုပ်ကိုင်သူ သို့မဟုတ် လုပ်ငန်းတည်ထောင်လုပ်ကိုင်သူ ကိုသာမြေယာ ပံ့ပိုးပေးသင့်သည်။

၂။ သရက်စိုက်ပျိုးထုတ်လုပ်သောအုပ်စု (Mango Group) ၏ဥက္ကဋ္ဌ၊ မွန္လေးတိုင်းဒေသကြီး သစ်သီး၊ ပန်းမန် နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများ အသင်း၏ ဒုတိယ ဥက္ကဋ္ဌဖြစ်သူ ဒေါ်သန်းသန်းဆွေ၏ ဆွေးနွေးတင်ပြချက်

၂၀၁၀ပြည့်နှစ်မှစတင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန FAO နှင့် သရက်စိုက်ပျိုး ထုတ်လုပ်သော အုပ်စုတို့သည် သရက်သီးအရည်အသွေးတိုးတက်ကောင်းမွန်ရန် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ သရက်သီးမှာ မွန္လေးတိုင်း ဒေသကြီး၏ အဓိက သစ်သီးများမှတစ်မျိုး ဖြစ်သည်နှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများမှာ အစားအစာပြုပြင်ထုတ်လုပ်သော နည်းပညာ၊ သိမ်းထုတ်သည့်စနစ် အအေးခံသိမ်းဆည်းသောစနစ်များ တိုးတက်ကောင်းမွန်လာစေရန် များစွာသောအခွင့်အလမ်းများရှိပါသည်။

၃။ မွန္လေးတိုင်းဒေသကြီး သကြားနှင့်ကြံ သီးနှံထုတ်လုပ်မှုအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေး၏ဆွေးနွေးတင်ပြချက်

ဒေသဖြစ် စက်ကိရိယာပစ္စည်းများ၊ ကုန်ကြမ်းနှင့် နည်းပညာချို့တဲ့မှုကြောင့် မွန္လေးသကြားစက်များမှာ အရည်အသွေးနှင့် ထုတ်လုပ်မှု အပိုင်းတွင် ခေတ်မီစက်ကိရိယာများနှင့် ထုတ်လုပ်မှုကို မယှဉ်နိုင်ဘဲဖြစ်နေပါသည်။ ယခင်အချိန်က မွန္လေးမှာ မြန်မာနိုင်ငံ၏ သကြားထုတ်လုပ်မှု ၅၀%ကို ထုတ်လုပ်ပါသည်။ သို့သော်လည်း များမကြာမီနှစ်များတွင် ထုတ်လုပ်မှုမှာ ကျဆင်းလာသဖြင့် ရင်းနှီးမြှုပ်နှံမှု လိုအပ်လျက်ရှိပါသည်။

၄။ MRCCI ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ တွဲဖက်အတွင်းရေးမှူး ဦးအောင်ကြည်စိုး၏ ဆွေးနွေးတင်ပြချက်

MRCCI သည် ရင်းနှီးမြှုပ်နှံမှုနှင့် အလားအလာရှိသောရင်းနှီးမြှုပ်နှံသူများ၏ အခြေအနေကို စောင့်ကြည့်လေ့လာရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ပံ့ပိုးကူညီမှုကို လိုအပ်ပါသည်။ သို့မှသာလျင် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

<u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦး က အစီအစဉ်များကိုအတည်ပြုခြင်း</u>

ရင်းနှီးမြှုပ်နှံသူများကို မြန်မာနိုင်ငံ၏ အနာဂတ်အတွက် စီမံကိန်းရေးဆွဲဆောင်ရွက်နေမှုကို သိရှိစေရန် စီမံကိန်းရေးဆွဲရေးဌာနက ဤ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသားအဆင့်ဘက်စုံဖွံ့ဖြိုးမှုစီမံကိန်း (NCDP) ကိုဖြန့်ဝေသင့်ပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ အကျဉ်းချုပ်ကိုလည်း တင်ပြပေးရန် အရေးကြီးပါသည်။ အလားတူ တိုင်းဒေသကြီး၏ ထောက်ပံ့နှင့် ပို့ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍများနှင့် ပတ်သက်သည့် အချက်အလက်ကိုလည်းတင်ပြရန်မှလည်းအရေးကြီးပါသည်။ ရင်းနှီးမြှုပ်နှံမှုအတွက် လျှပ်စစ်

ဓါတ်အားမှာ ဒုတိယအရေးကြီးဆုံး အခြေခံအဆောက်အအုံဖြစ်သည်နှင့် အညီ အနာဂါတ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနက လျှပ်စစ်ဓါတ်အား မည်မျှ ဖြန့်ဖြူးပေးနိုင်ကြောင်းတင်ပြရန်မှာလည်း အထူးအရေးကြီးပါသည်။ မြို့သာစက်မှုဇုန်၏ ဇုန်အလားအလာများကိုဖော်ပြပြီး MRCCI သည် မန္တလေးစီးပွားရေးလုပ်ငန်းများ၏ အခြေအနေကိုရှင်းလင်းတင်ပြသင့်ပါသည်။

MMRD မှ သုတေသနဒါရိုက်တာဦးအောင်မင်း၏ အစည်းအဝေးနှင့် ပတ်သက်သည့်အကျဉ်းချုပ်တင်ပြချက်

အောက်ပါအချက်အလက်များကို ဆွေးနွေးတင်ပြကြပါသည်။

1/ စစ်ကိုင်း၊ မကွေးနှင့် လားရှိုးတို့မှ CCIများကို ဖိတ်ကြားခြင်း အလားတူ ကျောက်ဆည်မှ ငရုတ်သီးစိုက်ပျိုးထုတ်လုပ်သူ အသင်းအား ဖိတ်ကြားခြင်း
2/ မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲတွင် တင်ပြချက်(၇)မျိုးရှိ၍ တင်ပြသည့်ပြကွက်များ (Slides) ကို အင်္ဂလိပ်ဘာသာဖြင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၂၀)ရက်တွင် ပေးပို့သင့်ပါသည်။
3/ MRCCI က Panel အဖွဲ့ဝင်တစ်ဦးရွေးချယ်ခြင်းနှင့် စည်းရုံးဆောင်ရွက်သူများ ထံသို့အကြောင်းကြားခြင်း
4/ MRCCI က ကျန်ရှိသော ပြခန်းဆောင်(၅)ခု ရွေးချယ်ရန် (ထောက်ပံ့ပို့ဆောင်ရေး၊ ကုန်သွယ်ရေးမြှင့်တင်မှု၊ ဟိုတယ်အသင်းနှင့် ဝန်ကြီးဌာန၊ မြို့သာနှင့် မင်္ဂလာမန္တလေးတို့မှအပ)
5/ လယ်ယာစိုက်ပျိုးရေး၊ အစားအစာပြုပြင်ထုတ်လုပ်ခြင်း၊ လျှပ်စစ်ပစ္စည်း စသည်ကဲ့သို့ ကဏ္ဍအလိုက် လုပ်ငန်းချင်းတွေ့ဆုံညှိနှိုင်းရေး ဆောင်ရွက်ပေးခြင်း

ရင်းနှီးမြှုပ်နှံသူများထံသို့ပေးပို့ရန်အတွက် စည်းရုံးဆောင်ရွက်သူများအား ပြခန်းနှင့် လုပ်ငန်းချင်းတွေ့ဆုံ ညှိနှိုင်းမှုစာရင်းများ ဖြန့်ဝေပေးရန်မှာ အရေးတကြီးဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌဦးအောင်သန်း ၏ နိဂုံးချုပ် မိန့်ခွန်းဖြင့်အစည်းအဝေးမှာ အောင်မြင်စွာပြီးဆုံးပါသည်။

၇။ မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲမှ ပြန်လည်တင်ပြချက်များ

မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲကို Mandalay Hill Resort Hotel Grand Ball room တွင် ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့၌ ကျင်းပပါသည်။ ပြပွဲကို မန္တလေးတွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန်နှင့် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများနှင့် ဒေသတွင်း လုပ်ငန်းလုပ်ဖက်များနှင့် ချိတ်ဆက်ပေးရန် ကျင်းပခြင်းဖြစ်ပါသည်။ မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲတွင် ပါဝင်တက်ရောက်သူ စုစုပေါင်း ၄၀၆ ဦးရှိ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးဇေယျာအောင်၊ မန္တလေးတိုင်း ဒေသကြီး အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ဦးရဲမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်လဲ့လဲ့သိန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဝန်ကြီးများ၊ ဌာနဆိုင်ရာအရာရှိများ၊ သံရုံးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲများနှင့် မန္တလေးဒေသတွင်းမှ လုပ်ငန်းရှင်များတို့လည်းတက်ရောက်ကြပါသည်။

ဇယား(၁၆) မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲတွင်ပါဝင်တက်ရောက်သူများ

စဉ်	ပါဝင်တက်ရောက်သူများ	အရေအတွက်
၁	ဆွေးနွေးပွဲ	၃၁၈
၂	ပြခန်းတာဝန်ရှိသူများ	၃၀
၃	စည်းရုံးဆောင်ရွက်သူများ	၃၈
၄	သတင်း Media	၂၀
	စုစုပေါင်း	**၄၀၆**

ဇယား(၁၇) မန္တလေးရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲတွင်ပါဝင်တက်ရောက်သူများ

စဉ်	ပါဝင်တက်ရောက်သူများ	အရေအတွက်
၁	VIPs	၁၂
၂	Pannel အဖွဲ့ဝင်များ၊ ဦးဆောင်ပြောကြားသူများ	၁၃
၃	ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့	၆
၄	ဌာနဆိုင်ရာ အရာရှိများ	၃၆
၅	သံရုံးနှင့်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ	၃၅
၆	နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ	၇၆
၇	UMFCCI နှင့် အဖွဲ့ဝင်များ	၄
၈	MRCCI	၂၀
၉	ညီနောင်အသင်းအဖွဲ့များ	၅၀
၁၀	ဒေသတွင်းမှ လုပ်ငန်းများ	၃၁
၁၁	လုပ်ငန်းဆိုင်ရာတက်ရောက်သူများ	၃၅
	စုစုပေါင်း	**၃၁၈**

ဇယား(၁၈) ရင်းနှီးမြှုပ်နှံမှု ပြပွဲ ၊ ဟောပြောပွဲ နှင့် စီးပွားရေးလုပ်ငန်းများတွေ့ဆုံပွဲ အခမ်းအနား အစီအစဉ်

Mandalay Investment Fair Agenda (30 Sept 2015)		
09:00—09:30	Registration	
09:30—10:00	**Opening Ceremony**	Mandalay Investment Fair Exhibition officially opened by guests of honour (Exhibition continues until 16:00)
Seminar		
10:00—10:10	**Keynote Speech**	*H.E. U Ye Myint, Chief Minister, Mandalay Region Government*
10:10 – 10:25	**Opening Speeches**	*U Aung Than, President, MRCCI*
		Embassy of Japan

MIC နှင့် JICA တို့၏ လေ့လာမှုစီမံချက်ကို MMRD က ဆောင်ရွက်ပြုစုသည်။

10:25—10:40	**Keynote Remarks**	*H.E. U Zay Yar Aung, Chairman of Myanmar Investment Commission (MIC) and Union Minister of Energy and Union Minister of Communications and Information Technology*
10:40—11:00	Photo Session and Coffee Break	
11:00—11:10	**Presentation 1: "National Comprehensive Development Plan"**	
		Daw Thwe Thwe Chit, Deputy Director General, Planning Department, Ministry of National Planning and Economic Development
11:10—11:20	**Presentation 2: "Investment in region: Regulatory framework updates"**	
		U Aung Naing Oo, Secretary of MIC and Director General of Directorate of Investment and Company Administration (DICA)
11:20—11:35	**Presentation 3: "Summary of Mandalay Investment Opportunity Survey"**	
		- Mr. Toru Homma, JICA Advisor, DICA *- U Aung Min, Research Director, MMRD*
11:35—11:45	**Presentation 4: "Transport and logistics development: Mandalay"**	
		- U Aung Ye Tun, Director, Ministry of Transport *- Daw Ohmar Maw, Myanmar International Freight Forwarders' Association (MIFFA)*
11:45—11:55	**Presentation 5: "Development of electric power in and around Mandalay"**	
		U Aung Kyaw Htoo, Assistant Chief Engineer, Ministry of Electric Power
11:55—12:05	**Presentation 6: "Business in Mandalay: Local private sector's view"**	
		Dr. Maung Maung, Secretary General, MRCCI
12:05—12:15	**Presentation 7: "Development of Mandalay Myotha Industrial Park"**	
		Dr. Tun Tun Aung, Managing Director, Mandalay Myotha Industrial Development (MMID)
12:15—12:40	**Panel Discussion: "Invest in Attractive Mandalay"**	
		Moderator: *Prof. Dr. Aung Tun Thet, President's Economic Advisor, Vice Chairman of National Economic and Social Advisory Council (NESAC) and Member of MIC* ***Panelists:*** *U Aung Naing Oo (MIC Secretary), Mr. Marvin Yeo (Corporate Strategy Advisor, New Star Light Construction), U Aung*

		Win Khaing (Chairman, MMID) and U Bo Bo Wai Maung (Financial Specialist)
12:40—12:55	Floor Q & A Session	
13:00—14:00	Networking Lunch hosted by organizers	
14:00—16:00	**Business Matching (in 10 groups as below)**	
	(1) Agriculture, (2) Food processing, (3) Manufacturing, (4) Electronics, (5) Textile,	
	(6) Sugar, (7) Iron/metal/shipyard, (8) Infrastructure, (9) Hotel & tourism, (10) Others	

ဇယား(၁၇) လေ့လာရေးခရီးစဉ် အတွက် အစီအစဉ်

Optional Site Visit Tour (1 Oct 2015)	
08:00	Participants depart from Mandalay Hill Resort Hotel by bus
08:30 – 09:00	Mingalar Mandalay Development Project (Participants can also join here at Information Centre)
10:30 – 11:30	Myotha Mandalay Industrial Park (Presentation in office)
11:30 – 12:00	Myotha Mandalay Industrial Park (Site observation)
13:00 – 13:45	Lunch at Semeikhon Port
13:45 – 14:30	Semeikhon Port (Presentation and site observation)
16:00	Arrive at Mandalay Airport for departure (and then Mandalay City)

ပုံ(၄၅) မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်၏ အဓိကောက်နှုတ်ချက် မိန့်ခွန်း

ဓါတ်ပုံ- မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်

ဇာစ်မြစ် - မြန်မာ့ဈေးကွက်သုတေသနနှင့်ဖွံ့ဖြိုးရေး(MMRD)

<u>မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်၏ အဝိုချုပ်အဓိကကောက်နှုတ်ချက်မိန့်ခွန်း</u>

အထက်မြန်မာနိုင်ငံ၏အလယ်ဗဟိုရပ်ဝန်းတွင် တည်ရှိသဖြင့် မန္တလေးသည် တရုတ်၊ အိန္ဒိယ၊ ထိုင်းတို့နှင့် ဆက်သွယ်သည့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတစ်လျောက်တွင် ရှိနေပြီး ကြီးများသည့်အလားအလာကောင်း စီးပွားရေးလုပ်ငန်းအခွင့်အလမ်းများရှိနေ ပါသည်။ ဤစီးပွားရေးလုပ်ငန်း အခွင့်အလမ်းများကို အကောင်အထည်ဖော်ဆောင်ရန် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုကိုလည်းလိုအပ်ပါသည်။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် အခြေခံအဆောက်အအုံတိုးတက်ကောင်းမွန်လာစေရန် တက်နိုင်သမျှ အကောင်းဆုံးကြိုးစားဆောင်ရွက်ပြီး မန္တလေးတိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံလိုသော လုပ်ငန်းများ အားလုံးကိုလည်း ပံ့ပိုးကူညီရန် အတူတကွပူးပေါင်းလုပ်ဆောင်ပါမည်။

MIC နှင့် JICA တို့၏ လေ့လာမှုစီမံချက်ကို MMRD က ဆောင်ရွက်ပြုစုသည်။

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်သန်း နှင့် ဂျပန်သံရုံး၊ စီးပွားရေးကောင်စစ်ဂန် Mr.Hikeaki Matsuo တို့၏ အဖွင့်မိန့်ခွန်းများ

ဦးအောင်သန်း၏အဖွင့်မိန့်ခွန်း

မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲကျင်းပရခြင်းမှာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအကြား လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် စီးပွားရေးတိုးတက်မှု ပိုမိုတိုးတက်ကောင်းမွန်လာရန်ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီးမှာ ရင်းနှီးမြှုပ်နှံမှုဈေးကွက် စတင်ရန်ကြီးမားသော စွမ်းပကားရှိရုံသာမက ၎င်းမှာ တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့အား ချိတ်ဆက်သည့် ကုန်သွယ်ရေးလမ်းကြောင်းဖြတ်သန်းရာ ဒေသတစ်ခုလည်း ဖြစ်ပါသည်။

Mr.Hideaki Matsuo တို့၏အဖွင့်မိန့်ခွန်း

ဂျပန်အစိုးရနှင့် ကော်ပိုရေးရှင်းများက မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုနှင့် အားလုံးအကြုံးဝင်သောတိုးတက်မှုအတွက် ခိုင်မာသောဆုံးဖြတ်မှုနှင့် အလိုဆန္ဒ ကိုပြသပြီးဖြစ်ပါသည်။ ၎င်းတို့အနက် သီလဝါအထူးစီးပွားရေးဇုန်မှာ တစ်ခုအပါအဝင်ဖြစ်ပါသည်။ သီလဝါစီးပွားရေးဇုန်မှာ မြန်မာနိုင်ငံ၏ပထမ SEZ ဖြစ်ပြီး ၂၀၁၅ခုနှစ် စက်တင်ဘာလ တွင်လုပ်ငန်းလည်ပတ်ပြီး အဓိကကျသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ပါသည်။ ဂျပန်အစိုးရသည် မန္တလေး၏ အရေးပါသော အခြေခံအဆောက်အအုံအတွက်ပါဝင်ပံ့ပိုးပေးပါသည်။ ၎င်းတို့တွင် ရန်ကုန်-မန္တလေး မီးရထားပို့ဆောင်ရေးကို အဆင့်မြှင့်တင်ခြင်း၊ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေး တစ်လျှောက် ICT ကွန်ရက်များကို တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ အခြေခံအဆောက်အအုံအပြင် ဂျပန်နိုင်ငံသည် မြန်မာစက်မှုလက်မှုဖွံ့ဖြိုးမှု မျှော်မှန်းချက် (MIDV) တွင်ပါဝင်၍ မြန်မာနိုင်ငံ၏ အနာဂါတ် စိတ်ကူးပုံဖော်မှုတွင် ပါဝင်ပံ့ပိုးခဲ့ပါသည်။ မြန်မာစက်မှုလက်မှုဖွံ့ဖြိုးမှု မျှော်မှန်းချက်မှာ မြို့ပြစက်မှုလက်မှုလုပ်ငန်းများနှင့် ကျေးလက်စိုက်ပျိုးရေး သစ်တောစသည့် လုပ်ငန်းများ တစ်ပြိုင်နက်ဖွံ့ဖြိုးရန် ရည်မှန်းပါသည်။ တိုးတက်များပြားလာသည့် ဂျပန်ကုမ္ပဏီအရေအတွက်များက မြန်မာနိုင်ငံတွင်း စီးပွားရေးလုပ်ငန်းလုပ်ကိုင်ကြရန် စိတ်ဝင်စားကြပါသည်။ အထူးသဖြင့် မန္တလေးတွင် စိတ်ဝင်စားကြပါသည်။ သို့ဖြစ်၍ ဂျပန်သံရုံးက မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲနှင့် မန္တလေး၏ အနာဂါတ်အောင်မြင်မှုရရှိရန် ဆန္ဒပြုပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) ဥက္ကဋ္ဌ၊ ဗန်ကြီးဦးဇေယျာအောင်၏ အဓိကမိန့်ခွန်းကောက်နှုတ်ချက်များ

မန္တလေးမှာ မြန်မာနိုင်ငံအခြားဒေသများနှင့် ယှဉ်လျှင် ရုပ်ဂတ္ထုပိုင်းအခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေး အခြေခံအဆောက်အအုံ၊ လူဦးရေထူထပ်မှုနှင့် စီးပွားရေး အတိုင်းအတာအရ မြန်မာနိုင်ငံတွင် ဒုတိယအကြီးမားဆုံးမြို့ဖြစ်ပါသည်။ ၎င်းပြင် မန္တလေးမြို့သည် ဖွံ့ဖြိုးမှုနှင့် ရင်းနှီးမြှုပ်နှံ့မှု အတွက်ကျယ်ပြန့်သော အလားအလာရှိ၍ ၎င်းတို့တွင် လယ်ယာစိုက်ပျိုးရေး၊ လယ်ယာအခြေခံ အစားအစာပြုပြင်ထုတ်လုပ်သည့် လုပ်ငန်း၊ စက်မှုကုန်ထုတ် လုပ်ငန်းနှင့် အခြားသောစီးပွားရေးလုပ်ငန်းတို့ပါဝင်ပါသည်။

အရေးကြီးသော အချက်လေးချက်ကိုတင်ပြဆွေးနွေးပါသည်။ ပထမဦးစွာဤရင်းနှီးမြှုပ်နှံပွဲမှာ ပထမဦးဆုံးသော ကြိုးပမ်းမှုဖြစ်ပြီး မန္တလေးကို အာရုံစိုက်သည့် ပထမဦးဆုံးသော အပြည်ပြည်ဆိုင်ရာ လှုပ်ရှားမှု တစ်ရပ်ဖြစ်ပါသည်။ ဒုတိယ အားဖြင့်ဤ "ရင်းနှီးမြှုပ်နှံမှုပြပွဲ" တွင် အသုံးဝင်သည့်အဖြစ်အပျက်(၄)မျိုးရှိပါသည်။ ၎င်းတို့မှာ ဆွေးနွေးပွဲ၊ ပြခန်းခင်းကျင်းပြသခြင်း၊ လုပ်ငန်းချင်းတွေ့ဆုံညှိနှိုင်းခြင်းနှင့် ကွင်းဆင်း လေ့လာခြင်းတို့ဖြစ်ပါသည်။ တတိယအချက်မှာ ဘက်စုံကာလရှည်မူဂါဒ စီမံကိန်းလမ်းညွှန်ဖြစ်သော "အမျိုးသားအဆင့် ဘက်စုံဖွံ့ဖြိုးမှုစီမံကိန်း

(NCDP)" က မွန္လေးကို အထင်ရှားဆုံး အတွေးအခေါ်ဖြစ်သည့် "ပန်ရိုးစွန်း နှစ်ဘက် တိုးတက်မှုပုံစံ" ၏ ပင်ရိုးစွန်းတစ်ဘက် အဖြစ်တင်ပြထားခြင်းဖြစ်သည်။ နောက်ဆုံးအနေဖြင့် မွန္လေးမှာ ရင်းနှီးမြှုပ်နှံရန် ကျယ်ပြန့်သော အလားအလာရှိပါသည်၊ ၁.၂ သန်းသောမြို့ပြလူဦးရေနှင့် မြို့ပြဓရိယာဒုတိယအကြီးမားဆုံး ဖြစ်သည်။ မွန္လေး၏စီးပွားရေးလုပ်ငန်းများကို စဉ်းစား ဆောင်ရွက်ပေးခြင်းဖြင့် မွန္လေးဖွံ့ဖြိုးမှု၊ မြန်မာနိုင်ငံဖွံ့ဖြိုးမှုနှင့် ရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံတော်အကြား နှစ်ဦးနှစ်ဘက်အကျိုးဖြစ်ထွန်းသော မိတ်ဘက်ကိုလည်း ဖြစ်ပေါ်စေပါသည်။

<u>တင်ပြချက်များ</u>

လုပ်ငန်းများကတင်ပြသည့်တင်ပြချက်(၇)ခုရှိပါသည်။ ၎င်းတို့မှာ

1/ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့် "အမျိုးသားဘက်စုံ ဖွံ့ဖြိုးမှုစီမံကိန်း"
2/ MIC အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၏ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၏ "ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု-ထိန်းသိမ်းကွပ်ကဲမှု မူဘောင်ဆိုင်ရာပြင်ဆင်ချက်များ (Regulatory Framework Updates)"
3/ DICA အတွက် JICA အကြံပေးပုဂ္ဂိုလ် Mr.Toru Homma နှင့် MMRD သုတေသနဒါရိုက်တာ ဦးအောင်မင်း တို့၏ "မွန္လေးရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းစစ်တမ်း၏ယာယီအချုပ်"
4/ ပို့ဆောင်ရေးပန်ကြီးဌာန၊ ညွှန်ကြားရေးမှူး ဦးအောင်ရဲထွန်းနှင့် မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းပို့ဆောင်သူများအသင်း (MIFFA) အတွင်းရေးမှူး ဒေါ်လှလှရီ တို့၏ "သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဖွံ့ဖြိုးမှု"
5/ လျှပ်စစ်စွမ်းအားပန်ကြီးဌာနမှ လက်ထောက်အင်ဂျင်နီယာချုပ် ဦးအောင်ကျော်ထူး၏ "မွန္လေးနှင့် မွန္လေးပန်းကျင်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုး တိုးတက်မှု"
6/ MRCCI အထွေထွေ အတွေးရေးမှူး ဒေါက်တာမောင်မောင် ၏ "မွန္လေး၏ စီးပွားရေးလုပ်ငန်း ဒေသရှိ ပုဂ္ဂလိကကဏ္ဍ၏အမြင်"
7/ မွန္လေးမြို့သာစက်မှုလက်မှုဖွံ့ဖြိုးမှု(MMID)မှ Managing Director ဒေါက်တာထွန်းထွန်းအောင် ၏ "မွန္လေးမြို့သာ စက်မှုဇုန်ဥယျာဉ် ၏ ဖွံ့ဖြိုးတိုးတက်မှု"

ပုံ(၄၆) မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲ၏ဆွေးနွေးပွဲ

ဓါတ်ပုံ- ဦးအောင်နိုင်ဦး၊ MIC အတွင်းရေးမှူး

ဇာစ်မြစ် - မြန်မာ့စျေးကွက်သုတေသနနှင့်ဖွံ့ဖြိုးမှုကုမ္ပဏီလိမိတက် (MMRD)

Panel အဖွဲ့ဆွေးနွေးပွဲ "ဆွဲဆောင်မှုရှိသော မန္တလေးတွင်ရင်းနှီးမြှုပ်နှံခြင်း"

Panel အဖွဲ့ဝင်ဌဦးက "ဆွဲဆောင်မှုရှိသောမန္တလေးတွင် ရင်းနှီးမြှုပ်နှံခြင်း" ကိုဆွေးနွေးကြပြီး နိဂုံးတော်သမ္မတ၏ စီးပွားရေးအကြံပေး ပုဂ္ဂိုလ် ဒေါက်တာအောင်ထွန်းသက်က ထိန်းညှိဆောင်ရွက်ပေးပါသည်။ ဒေါက်တာအောင်ထွန်းသက်မှာ အမျိုးသားစီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကြံပေးကောင်စီ (NESAC) ၏ ဒုတိယဥက္ကဋ္ဌနှင့် MIC အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါသည်။ Panel အဖွဲ့ဝင်များမှာ ဦးအောင်နိုင်ဦး (MIC အတွင်းရေးမှူး)၊ Mr.Marvin Yeo (ကော်ပိုရိတ်မဟာဗျူဟာ အကြံပေးပုဂ္ဂိုလ်၊ New Star Light Construction)၊ ဦးအောင်ဝင်းခိုင် (MMID ဥက္ကဋ္ဌ) နှင့် ဦးဘိုဘိုဂိုင်းမောင် (ဘဏ္ဍာရေးဆိုင်ရာအထူးကျွမ်းကျင်သူ) တို့ဖြစ်ပါသည်။

ဝင်ရိုးစွန်းနှစ်ဘက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာအရ မန္တလေးမှာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးကြီးသော ပါဝင်ပံ့ပိုးသူများမှ တစ်ဦးဖြစ်ပါသည်။ ၄င်းတို့မှာ တည်နေရာအနေအထား၊ သယံဇာတအရင်းအမြစ်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မှုကဲ့သို့သောမြင့်မားသည့် စွမ်းပကားအလားအလာရှိပါသည်။ မန္တလေးမြို့ ၏ အချင်းဝက်မိုင် ၆၀၀ပတ်လည်ရပ်ဝန်းအတွင်း လူသန်း၆၀၀မှာ ကုန်းမြေဖြင့်ဆက်စပ်နေကြပြီး ၄င်းမှာ အရှေ့တောင်အာရှ၏ အရွယ်အစားဖြစ် ပါသည်။ အခြေခံအဆောက်အအုံတွင် ဆက်လက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် မန္တလေးမှာ ဖြစ်ပေါ်လာမည့် AEC 2015 နှင့် ASEAN-China FTA တို့နှင့် အတူ ကမ္ဘာတွင်ကြီးမားသော ထောက်ပံ့ပို့ဆောင်ရေးနှင့် ကုန်သွယ်ရေး ဗဟိုချက်ဖြစ်လာနိုင်ပါသည်။

MIC နှင့် JICA တို့၏ လေ့လာမှုစီမံချက်ကို MMRD က ဆောင်ရွက်ပြုစုသည်။

မန္တလေး၏ အလားအလာကိုအခြေခံကာ မန္တလေးတွင် ရင်းနှီးမြှုပ်နှံမှုအတွက် များစွာသော အဓိကကျသည့် နယ်ပယ်ဧရိယာ များရှိပါသည်။ ပထမဦးဆုံးအနေဖြင့် လျှပ်စစ်ပစ္စည်းတပ်ဆင် ထုတ်လုပ်သည့်လုပ်ငန်းဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီးတွင် လူငယ်လူရွယ် များဆက်ကောင်းစွာရှိသည်နှင့် အမျှ လျှပ်စစ်ပစ္စည်းတပ်ဆင် ထုတ်လုပ်သည့်လုပ်ငန်းများမှာ တိုင်းပြည်အတွက် အလားအလာ ကောင်းမွန်ပါသည်။ ဒုတိယအနေဖြင့် အစားအစာပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းဖြစ်ပါသည်။ မန္တလေးတွင်အစားအစာပြုပြင် ထုတ်လုပ်သည့် လုပ်ငန်းကိုမြှင့်တင်ရန် စွမ်းပကားများရှိပါသည်။ တတိယအနေဖြင့် အထည်အလိပ်လုပ်ငန်းဖြစ်ပြီး မန္တလေးတွင် မြန်မာနိုင်ငံ၏ အထည်အလိပ်လုပ်ငန်း ဖွံ့ဖြိုးရေး အတွက်များပြားသော စွမ်းပကားရှိပါသည်။ ဒေသတွင်း အထည်အလိပ်ထုတ်လုပ်သူများမှာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိကြပြီး အထည်အလိပ်လုပ်ငန်းအတွက်ကြီးမားသော အခွင့်အလမ်းကို ပံ့ပိုးပေးပါသည်။ ဤလုပ်ငန်းများမှာ မန္တလေးအတွက် အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် FDI အတွက် အဓိကကျသော စက်မှုကဏ္ဍ ကုန်ထုတ်လုပ်ငန်း(၃)ခုဖြစ်ပါသည်။ စတုတ္ထအနေဖြင့် ထောက်ပံ့ပို့ဆောင်ရေးဖြစ်ပါသည်။ ခရီးသွား နိုင်ငံခြားသားများ မန္တလေးသို့ရောက်ရှိမှုမှာ ၂၀၁၀ပြည့်နှစ်တွင် ဦးရေ ၇၀၀၀၀၀ မှ ၂၀၁၄ခုနှစ်တွင် ၃သန်းကျော်အထိရှိလာပြီး ခရီးသွားနိုင်ငံခြားသားများ၏ ၈၀-၉၀%မှာ မန္တလေးသို့လာ ရောက်ကြပါသည်။ သို့ဖြစ်ပါ၍ ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းမှာ အရေးကြီးပြီးအလားအလာ ကောင်းမွန်မြင့်မားသောစျေးကွက်ဖြစ်ပါသည်။ စက်မှု ကုန်ထုတ်လုပ်ငန်းများနှင့် စက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှာ မန္တလေးတွင် စီးပွားရေးလုပ်ငန်းအခွင့်အလမ်းရှိပါသည်။ အလားတူ ထရပ်ကားကြီးများ အတွက်လည်းဝန်ဆောင်မှုလုပ်ငန်း အခွင့်အလမ်းရှိပါသည်။ မန္တလေးတွင် ကျွမ်းကျင်သောစက်ပြင်ဆရာများ၊ နည်းပညာစမ်းသပ် တက်ကျွမ်းသည့်စက်ဆရာများ (Technology surveyed mechanics) နှင့် ဝန်ဆောင်မှုပေးသူများရှိသဖြင့် မန္တလေးသည် တစ်နိုင်ငံလုံးအတွက် အဓိက တစ်ပါတ်ရစ်ကားထုတ်လုပ်သူဖြစ်လာပါသည်။

MIC အရအခြားသော အိမ်နီးနားချင်းနိုင်ငံများထက်မသာလွန်လျှင်ပင် မြန်မာနိုင်ငံ၏ ပံ့ပိုးခွင့်ပြုမှုမှာ သာတူညီမျှရှိပါသည်။ သို့သော် လည်းမြန်မာနိုင်ငံသည် တာဝန်ယူသောရင်းနှီးမြှုပ်နှံမှုကို အထူးအလေးထားပြီးသေချာစွာဆောင်ရွက်သည်မှာ မြန်မာနိုင်ငံသို့လာရောက်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများမှာ လူမှုရေးဆိုင်ရာ တာဝန်ယူမှုကို အလေးထားဆောင်ရွက်ရမည်။ လုပ်ငန်းသည် MIC ခွင့်ပြုချက်ရရှိပါက ၄င်းလုပ်ငန်းသည် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်၏ အဖွဲ့ဝင်နိုင်ငံဖြစ်ရမည်၊ ၄င်းသဘောတူညီချက်မှာ အကြီးမားဆုံး ကော်ပိုရိတ် လူမှုရေးတာဝန်ယူမှု(CSR)ဖြစ်၍ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးများအလုပ်သမားအခွင့်အရေးများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အဂတိလိုက်စား မှုဆန့်ကျင်ရေးတို့အတွက် ဆောင်ရွက်မည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံသူများအတွက် လက်တွေ့မြေပြင်သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများမှာ အရေးကြီးပါသည်။ ၄င်းတို့မှာ မန္တလေးတွင် သာမက မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်ရန်ဆုံးဖြတ်ချက် ချမှတ်ရန်အတွက်အရေးကြီးပါသည်။ MRCCI က မန္တလေးရှိထောက်ပံ့ပို့ဆောင်ရေး၊ အလုပ်သမား၊ ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး စသည့်သတင်းအချက်အလက်များစွာကို ပံ့ပိုးပေးနိုင်ပါသည်။ DICA ကလည်းအားလုံးသော ရင်းနှီးမြှုပ်နှံသူများအား အသုံးဝင်သော သတင်းအချက်အလက်ရရှိစေရန် www.dica.gov.mm အင်တာနက်တွင်တင်ပါလိမ့်မည်။

FDI တိုးမြှင့်ရေးစီမံကိန်းနှင့် ပတ်သတ်၍ မြန်မာနိုင်ငံနှင့် MIC မှာအနှစ် ၂၀စီမံကိန်းရှိပါသည်။ များစွာသောရင်းနှီးမြှုပ်နှံသူများမှာ တရုတ် နိုင်ငံမှ တတိယနိုင်ငံ တစ်နိုင်ငံသို့ ရွှေ့ပြောင်းရင်းနှီးမြှုပ်နှံရန် စဉ်းစားလာကြသည်နှင့် အညီယင်းမြန်မာနိုင်ငံ၏ နှစ်၂၀စီမံကိန်းတွင် China + 1 နှင့် Thailand + 1 မူဝါဒပါဝင်ပါသည်။ ဒေသတွင်း SME စစ်တမ်းပြုကာ ရင်းနှီးမြှုပ်နှံမှု အခြေအနေအကဲဖြတ်ချက် အတွက်မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘဏ် ကစစ်တမ်းကောက်ယူခဲ့ပါသည်။ ၄င်းစစ်တမ်းက အဓိကအချက်လေးရပ်ကို ထင်ရှားစွာဖော်ညွှန်းပါသည်။ ၄င်းတို့မှာဘဏ္ဍာရေး၊ မြေယာလုပ်ကိုင်ခွင့် ရရှိမှု၊ လျှပ်စစ်စွမ်းအားနှင့် လုပ်သားကျွမ်းကျင်မှုအဆင့်တို့ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် ၄င်းကန့်သတ်ချက်များအား ကျော်လွှားနိုင်ရန် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်နေပါသည်။ မြန်မာတစ်နိုင်ငံလုံးအတွက် ဘဏ္ဍာရေးစနစ်မှာ ချို့ယွင်းနေပါသည်။ ရန်ကုန်တွင် အချို့သော တိုးတက်မှုကို မြင်တွေ့နိုင်သော်လည်း မန္တလေးမှာ အလွန်ဂေးကွာစွာကျန်ရှိနေဆဲဖြစ်ပါသည်။ လူအရင်းအနှီးနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ထက်မြက်သောပြည်သူလူထုရှိပါသည်။ သို့သော်လည်း နိုင်ငံခြားမှပြန်လာသူများမှာ ရန်ကုန်သို့သာလာရောက်ကြ၍ မန္တလေးသို့ အနည်းငယ်သာ ပြန်လာကြပါသည်။ သို့ဖြစ်ပါ၍ မန္တလေးမှာ နည်းပညာနှင့် ကျွမ်းကျင်မှုလိုက်ပါလာသော ရင်းနှီးမြှုပ်နှံမှုလိုအပ်ပါသည်။ နည်းပညာလွှဲပြောင်းပေးမှု နှင့်ရင်းနှီးမြှုပ်နှံသူများက အမျိုးအစားလေးရပ်ယူဆောင်လာပါသည်။ ၄င်းတို့မှာ ဘဏ္ဍာရေး၊ နည်းပညာ၊ ဈေးကွက်(သို့မဟုတ်) ဈေးကွက်လက်လှမ်း မှီမှုနှင့် မြန်မာနိုင်ငံလိုအပ်နေသော အသစ်စီမံအုပ်ချုပ်မှု ပုံစံဖြစ်ပါသည်။ ဒေသခံပြည်သူတို့က ဒေသဈေးကွက်ဆိုင်ရာ တန်ဘိုးမဖြတ်နိုင်သော အသိပညာ၊ ပြုမူဆောင်ရွက်မှု နှင့် သဘောထားများကို ပံ့ပိုးပေးပါသည်။ ဒေသခံလုပ်ငန်းရှင်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများမှာ ပူးပေါင်းဆောင် ရွက်ရန်အတွက် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်လိုအပ်ပါသည်။

မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲဆွေးနွေးပွဲမှာ ၁၃:၃၀ နာရီတွင် အောင်မြင်စွာပြီးဆုံးပြီး ဒေသခံလုပ်ငန်းရှင်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အကြား လုပ်ငန်းချိတ်ဆက်ဆွေးနွေးပွဲမှာ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၃၀ရက် ၁၆:၀၀နာရီ အထိဆက်လက် ဆောင်ရွက်ကာ ၂၀၁၅ခုနှစ် အောက်တိုဘာလ(၁)ရက်နေ့ တွင်ကွင်းဆင်းလေ့လာကြ၍ မင်္ဂလာမန္တလေး၊ မြို့သာစက်မှုဇုန်ဥယျာဉ် နှင့်ဆီမီးခုံဆိပ်ကမ်းတို့မှာ ကွင်းဆင်းလေ့လာ သည့်နေရာများအဖြစ်ပါဝင်ပါသည်။

MIC နှင့် JICA တို့၏ လေ့လာမှုစီမံချက်ကို MMRD က ဆောင်ရွက်ပြုစုသည်။

ပုံ(၄၇) မွန္လေးရင္းနွီးျမွဳပ္နံွမွုပြဲတြင္ ဦးေဆာင္အဖွဲ့၏ေဆြးေနြးခ်က္မ်ား

ဏာစ္ျမစ္- ျမန္မာ့ေျမးကြက္သုေတသနနွင့္ဖံွ့ၿဖိဳးေရး(MMRD)

လုပ္ငန္းမ်ားနွိုင္းယွဥ္ဖလွယ္ပဲြ

မွန္လေးရင္းနွီးျမွဳပ္နံွမွုပြဲတြင္ နိုင္ငံျခားရင္းနွီးျမွဳပ္နံွသူမ်ားပါဝင္ေဆာင္ရွက္ခဲ့ကၿပါသည္။ မွန္လေးလုပ္ငန္းရွင္မ်ား အဖွဲ့တြင္ ပြည္တြင္း ကုမၸဏီ (၅၂)ခုတို့ပါဝင္ၿပီး ၄င္းတို့အေနဖြင့္ အနာဂါတ္ကာလတြင္ ပူးေပါင္းေဆာင္ရွက္နိုင္ရန္အတြက္ ဆက္သွယ္နိုင္သည့္ အခွင့္အေရးမ်ား ရခဲ့ကၿပါသည္။

(1) စိုက္ပ်ိဳးေရး
(2) အစားအစာပြၿပင္ထုတ္လုပ္ေရး
(3) ကုန္ထုတ္လုပ္ငန္း
(4) လွ်ပ္စစ္/လွ်ပ္စစ္ဓါတ္အားဆိုင္ရာ
(5) ဂတ်ဆင္ေရးလုပ္ငန္း
(6) သကၠားထုတ္လုပ္ငန္း
(7) သံ/သတ္ထု/သေဘၤာကၠင္း
(8) အေခြခံအေဆာက္အဦး
(9) ဟုိတယ္နွင့္ခရီးသွားလုပ္ငန္း
(10) အၿခား (IT နွင့္ တယ္လီဖုန္း/ ေကြးနန္းဆက္သွယ္ ဂန္ေဆာင္မွ)

MIC နွင့္ JICA တို့၏ လေ့လာမွုစီမံခ်က္ကို MMRD က ေဆာင္ရွက္ၿပီးစသည္။

ပုံ(၄၈) လုပ်ငန်းများကိုနှိုင်းယှဉ် ဖလှယ်ခြင်း

ပြဿနာများခင်းကျင်းပြသခြင်း

ပန်ကြီးဌာနများ၊ စက်မှုဥယျာဉ်များ၊ ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများဆိုင်ရာ ပြဿနာများကို အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူ များအတွက် ခင်းကျင်းပြသခဲ့ကြပါသည်။ ပြဿနာများ၏စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပြဿနာအမှတ်	ကဏ္ဍ	ပြပွဲတွင်ပါဝင်ဆောင်ရွက်မှု
၁	သယ်ယူပို့ဆောင်ရေး	သယ်ယူပို့ဆောင်ရေးဌာနနှင့် MIFFA
၂	ကုန်သွယ်မှုမြှင့်တင်ရေး	ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူ ကာကွယ်ရေးဦးစီးဌာန
၃	ဟိုတယ်နှင့်ခရီးသွားလာရေး	ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန
၄	စက်မှု	စက်မှုပန်ကြီးဌာန
၅	မြို့သာစက်မှုဇုန် စီမံကိန်း	မွန္လေးမြို့သာစက်မှုဖွံ့ဖြိုးတိုးတက်ရေး
၆	မင်္ဂလာမွန္လေး (MCC,MITC)	New Star Light & CAD
၇	သစ်သီးများ (သရက်)	သရက်အဖွဲ့(ဒေါ်သန်းသန်းဆွေ)
၈	ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့	(၁)ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (၂)မွန္လေးစိမ်းလန်းမြို့တော်အများပိုင်ကုမ္ပဏီ
၉	အဝတ်အထည်/သင်တန်းကျောင်းများ	(၁)တော်ဝင်နဒီပိုးထည် (၂)မြကမ္ဘာစိုးရက်ထည်လုပ်ငန်း (၃)မွန္လေးတိုင်းဒေသကြီးပုဂ္ဂလိကကျောင်းများ အသင်း
၁၀	ပုံနှိပ်လုပ်ငန်း	မွန္လေးတိုင်းဒေသကြီးပုံနှိပ်နှင့်ထုတ်ဝေသူများ အသင်း

၁၁	သစ်၊ အထပ်သားနှင့် ပရိဘောဂ	စိန်နှင့်မြ မွေ့ရာနှင့် ပရိဘောဂ
၁၂	သကြား	(၁)မြန်မာ့သကြားဖွဲ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီ (၂)လမင်းသဇင်ကုမ္ပဏီလီမိတက်
၁၃	ကျောက်မျက်နှင့်လက်ဝတ်ရတနာ	ကျောက်မျက်နှင့်လက်ဝတ်ရတနာ လုပ်ငန်းရှင်များအသင်း
၁၄	ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း	(၁)မွန္လေးဟိုတယ်လုပ်ငန်းရှင်များအသင်း (၂)မွန္လေးဧည့်လမ်းညွှန်များအသင်း (၃)မွန္လေးခရီးသွားလုပ်ငန်းအသင်း

ပုံ(၄၉) မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဇေယျာအောင်နှင့် မွန္လေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးရဲမြင့် တို့ပြခန်းများ သို့ လာရောက်စဉ်

ပုံ(၅၀) ပြပွဲအတွင်းရှိ ပြခန်းများ

လေ့လာရေးခရီး (ရွေးချယ်ခွင့်ရှိ)

မင်္ဂလာမွန္လေး၊ မြို့သာစက်မှုဥယျာဉ်နှင့် အခြားဖွံ့ဖြိုးမှုစီမံကိန်းများသို့ ၁-၁၀-၂၀၁၅ နေ့တွင် သွားရောက်လည်ပတ်ရန်စီမံ ဆောင်ရွက်ခဲ့ ကြပါသည်။ စုစုပေါင်းဦးရေ (၁၂၀) ကျော်ပါဝင်သည့် နိုင်ငံခြားမှ အဆင့်မြင့်အရာရှိများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ပြည်တွင်းရှိလုပ်ငန်း အဖွဲ့အစည်းများ တို့သည် အဆိုပါဖွံ့ဖြိုးရေး စီမံကိန်းများသို့ တစ်နေ့တာခရီးစဉ်သွားရောက်ခဲ့ကြပါသည်။

ပုံ(၅၁) မင်္ဂလာမန္တလေးစီမံကိန်း တွင် လေ့လာစဉ်

ပုံ(၅၂) မြို့သာစက်မှုဥယျာဉ်စီမံကိန်း တွင် လေ့လာသူများအား ရှင်းပြစဉ်

MIC နှင့် JICA တို့၏ လေ့လာမှုစီမံချက်ကို MMRD က ဆောင်ရွက်ပြုစုသည်။

နောက်ဆက်တွဲ

ဇယား(၁) လုပ်ငန်းများနှင့်တွေ့ဆုံမေးမြန်းရာတွင် ဖြေကြားသူများစာရင်း

Sr. No.	Respondent Company	Sector	Type of business
1	Company A	Hotels and Tourism	Hotel
2	Company B	Food Processing	Oil Mill
3	Company C	Agriculture	Agri-Machinery
4	Company D	Food Processing	wheat mill
5	Company E	Food Processing	Oil Mill
6	Company F	Food Processing	biscuit
7	Company G	Food Processing	Jam
8	Company H	Food Processing	Oil Mill
9	Company I	Agriculture	Agri-Machinery
10	Company J	Manufacturing	Stone Crushing Machine
11	Company K	SMEs	Tapestry
12	Company L	Food Processing	Sugar Mill
13	Company M	SMEs	bronze statue
14	Company N	Food Processing	Drinking Water
15	Company O	Manufacturing	Cement
16	Company P	Trading, Logistic and warehousing	Logistic Services
17	Company Q	Hotels and Tourism	Hotel
18	Company R	Food Processing	Pulse and bean Processing
19	Company S	Agriculture	Coffee Plantation
20	Company T	Agriculture	Agri-Machinery
21	Company U	Food Processing	Jerry
22	Company V	Hotels and Tourism	Tours Ship
23	Company W	Manufacturing	PP Woven Bag
24	Company X	Manufacturing	Iron casting
25	Company Y	Manufacturing	Tyre Factory
26	Company Z	Agriculture	Compound Fertilizer
27	Company AA	Food Processing	Pulse and bean Processing
28	Company AB	Trading, Logistic and warehousing	Cargo shipping

29	Company AC	Manufacturing	Iron casting
30	Company AD	Manufacturing	Plywood
31	Company AE	Infrastructure (construction companies, Real Estate)	Construction Company
32	Company AF	Manufacturing	Wood based industries
33	Company AG	Manufacturing	Lather
34	Company AH	Infrastructure (construction companies, Real Estate)	Construction Company
35	Company AI	SMEs	Textile (Variety of Silk Ware)
36	Company AJ	SMEs	Wood Carving (Myanmar Handicraft)
37	Company AK	Hotels and Tourism	Travel & Tour
38	Company AL	Trading, Logistic and warehousing	Cargo Transport
39	Company AM	Trading, Logistic and warehousing	Trading
40	Company AN	Trading, Logistic and warehousing	Cargo Transport
41	Company A	Hotels and Tourism	Travel & Tour
42	Company A	Manufacturing	Machinery

ဇယား(၂) အသုံးျပုနိုင္သည့္ဆက္သြယ္မွုမ်ား

အမွတ်	အမည်	လိပ်စာ
၁	မွန္လေးတိုင်းဒေသကြီးအစိုးရအဖွဲ့	၆၄လမ်း နှင့် ၂၄လမ်းနှင့် ၂၅လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မွန္လေး၊ ဖုန်း- +၉၅ ၂၃၆၉၂၃ Website: www.mdyregion.gov.mm
၂	မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူးရုံး/ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA) (ရန်ကုန်ရုံး)	အမှတ် (၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း: +95 1 657891 Fax: +95 1 657825 Website: www.dica.gov.mm
၃	မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူးရုံး/ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA) (မွန္လေးရုံးခွဲ)	တတိယထပ်၊ ဈေးချို အရှေ့ဘက်တိုက်တန်း၊ ၈၄လမ်း၊ ၂၆ နှင့် ၂၇လမ်း ကြား ချမ်းအေးသာဇံမြို့နယ်၊ မွန္လေး။ ဖုန်း +95 2 86661 Fax: +95 2 86660 Website: www.dica.gov.mm
၄	မွန္လေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (MRCCI)	၄လွှာ၊ ရတနာပုံ စူပါစင်တာ၊ ၇၈လမ်းနှင့် ၃၄လမ်းထောင့်၊ မွန္လေး ဖုန်း: +95 2 69326 Fax: +95 2 69311

		Website: www.mrcci.org.mm
၅	မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ	၂၆လမ်း နှင့် ၇၂လမ်းကြား၊ မန္တလေး ဖုန်း: +95 2 36170 Fax: +95 2 35928
၆	မန္တလေး စက်မှုဇုန်စီမံခန့်ခွဲ့ရေးကော်မတီ	ကနောင်ခန်းမ၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။ ဖုန်း: +95 2 5154656 +95 2 5154673 Fax: +95 2 5154614